ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ရက်၊ အင်္ဂါနေ့၊ (30-8-2005) (၄၇၀၃)

အဘက်ဘက်က ပိတ်ဆို့ဟန့်တား၊ နှောင့်ယှက်နေကြသည့်ကြားက ယခုကဲ့သို့ ကိုယ့်အားကိုယ့်မာန်ဖြင့် နိုင်ငံတော်ကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေစေရအောင် စွမ်းဆောင်နိုင်လျက်ရှိခြင်းသည် နိုင်ငံတော်အစိုးရနှင့်အတူ ဆရာ၊ ဆရာမများ အပါအဝင် ပြည်သူအပေါင်း၏ ပါဝင်လက်တွဲ ကြိုးပမ်းစွမ်းဆောင်မှုများကြောင့်ဖြစ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံနှင့်လူမျိုး တိုးတက်ကြီးပွားရေး ရိုးသားစွာ ကြိုးပမ်းနေ နည်းပညာ၊ ဓနအင်အား များစွာအသာစီးရနေသော နိုင်ငံကြီးအချို့၏ နှောင့်ယှက်ဟန့်တားမှုများ ရင်ဆိုင်နေရ နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ အသိအမြင်အတွေးအခေါ်ကြွယ်ဝမှု၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှုတို့ ပေါင်းစည်းထားသည့် အမျိုးသားရေးစွမ်းအားကို အခိုင်အမာတည်ဆောက်

ရန်ကုန် ဩဂုတ် ၂၉

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ အထက်မြန်မာပြည်တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ အခြေခံပညာ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပသော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၃) ဖွင့်ပွဲအခမ်းအနားတွင် သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၀-၈-၂၀၀၅
(အင်္ဂါနေ့)

ပြည်တွင်းအင်အားစုစွမ်းအားဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက် အကြမ်းဖက်အဖျက်လုပ်ရပ်များ တွန်းလှန်ချေမှုန်းဖယ်ရှား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅) ကို ဩဂုတ်လ ၂၈ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် အကြမ်းဖက်အဖျက်သမားအဖွဲ့များက ပြည်တွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် လူထုအုံကြွမှုဖြစ်စေရန် ကြံစည်လုပ်ဆောင်မှုနှင့်စပ်လျဉ်း၍ ဖော်ထုတ်ဖမ်းဆီးရမိခဲ့မှုများ၊ ရန်ကုန်မြို့တော် အကြမ်းဖက်ဗုံးခွဲမှု၌ ပါဝင်ကျူးလွန်ပတ်သက်ခဲ့သူများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်မြို့ ဗုဒ္ဓစွယ်တော်မြတ်စေတီတော်မှ စွယ်တော်ပွား ပျောက်ဆုံးမှုနှင့် စုံစမ်းဖော်ထုတ်ချက်များကိုလည်းကောင်း၊ ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်အဖျက်သမားအဖွဲ့များအပေါ် နိုင်ငံတော်က ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ယနေ့ကျင့်သုံးနေသော သတင်းထုတ်ပြန်မှု အခြေအနေသဘောထားများနှင့် စပ်လျဉ်း၍လည်းကောင်း အကိုးအကား အထောက်အထားများဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသွားသည်။

ယနေ့ကာလသည် နိုင်ငံတော်အစိုးရက အမျိုးသားရေးမူဝါဒနှင့်အညီ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းရင်းသားပြည်သူတို့၏ ပါဝင်ကြိုးပမ်းမှုဖြင့် တက်ညီလက်ညီ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ရရှိနေချိန်ဖြစ်သည်။

သို့သော်လည်း ပြည်တွင်း၊ ပြည်ပ အဆိုးမြင်ဝါဒီများက နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းနေမှု၊ တပ်မတော်အစိုးရ၏ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်ရေး အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ဖော်ဆောင်ပေးနေမှုတို့ကို လျစ်လျူရှုပြီး နိုင်ငံတော်တည်ငြိမ်မှုပျက်ပြားစေရန် နည်းလမ်းအမျိုးမျိုးဖြင့် သွေးထိုးနှောင့်ယှက်လာကြသည်။ ထို့ပြင်မက အကြမ်းဖက်အဖျက်သမားအဖွဲ့များက အနောက်အင်အားကြီးနိုင်ငံအချို့၏ ငွေကြေးထောက်ပံ့မှုကိုရယူပြီး မြေပေါ်မြေအောက် တိုက်ခိုက်ရေးအစီအမံများကိုပင် လုပ်ဆောင်လာလျက်ရှိသည်။

အဆိုပါ အကြမ်းဖက်အဖျက်သမားအဖွဲ့များအနက် ပြည်ပအခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB၊ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့ချုပ် FTUB၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး ABSDF နှင့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S) (ရွက်ဆစ်အဖွဲ့) တို့သည် နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာမှုအခြေအနေကောင်းများနှင့် အများပြည်သူတို့၏ အေးချမ်းသာယာမှုများကို ဖျက်လိုဖျက်ဆီးပြုလုပ်ရန် တစိုက်မတ်မတ် လုပ်ဆောင်နေသောအဖွဲ့အစည်းများဖြစ်သည်။

အကြမ်းဖက်အဖျက်သမားအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံအတွင်းမှ အမာခံများကပေးပို့သော မဟုတ်မမှန် လုပ်ကြံသတင်းများကိုရယူပြီး နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် ပြည်တွင်း မငြိမ်မသက်မှုများဖြစ်ပေါ်စေရန် ဖန်တီးလုပ်ဆောင်လျက်ရှိသည်။ ထို့ပြင်မက အပြစ်မဲ့ပြည်သူများ အသက်အိုးအိမ်စည်းစိမ် သေကျေပျက်စီးဆုံးရှုံးသည်အထိ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များကိုပါ ကျူးလွန်လာလျက် ရှိကြသည်။

သတင်းစာရှင်းလင်းပွဲမှ ရှင်းလင်းတင်ပြချက်များအရ ပြည်တွင်း၊ ပြည်ပအဖျက်သမားအဖွဲ့အစည်းများက ပြည်ပ နိုင်ငံကြီးအချို့၏ ကူညီထောက်ပံ့မှုများရယူ၍ ပြည်တွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် လူထုအုံကြွမှုဖြစ်ပေါ်စေရန် မြေပေါ် မြေအောက် တိုက်ခိုက်ရေးအစီအမံများဖြင့် အချိန်ကိုက်လုပ်ဆောင်လာကြခြင်းသည် ပြည်သူလူထုကိုစတေးပြီး ပွဲလန့် ဖျာခင်းကာ နိုင်ငံတော်အာဏာကို ဖြတ်လမ်းကရယူနိုင်ရေးနှင့် မြန်မာနိုင်ငံကို နယ်ချဲ့ဩဇာခံနိုင်ငံ၊ ခေတ်သစ်ကျွန်နိုင်ငံဖြစ်ရေးအတွက် ကြံစည်လုပ်ဆောင်မှု လုပ်ရပ်များဖြစ်ကြောင်း တွေ့ရှိရသည်။

ပြည်ပဆရာကြီးများနှင့် ပြည်တွင်းပြည်ပ အကြမ်းဖက်သမားများ၏ မြေပေါ်၊ မြေအောက်၊ ပြည်ပြေး တိုက်ကွက်များအနက် အားလုံးနီးပါးကို နိုင်ငံတော်က ကြိုတင်ကာကွယ်တားဆီး ချေမှုန်းပစ်နိုင်ခဲ့သည်။ ယင်းသို့ အဖျက်သမားများ အန္တရာယ်ကို ဖော်ထုတ်တားဆီးနိုင်ခဲ့ခြင်းသည် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်ဟူသည့် ပြည်တွင်းအင်အားစုကြီးသုံးရပ်၏ ခိုင်မာမြဲမြံသော စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်အဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များ၊ အကြမ်းဖက်လုပ်ရပ်များကို အပြည့်အဝတားဆီး တွန်းလှန်ချေမှုန်းဖယ်ရှားသွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်အနောက်ပိုင်းခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၀၅ ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အားပေးချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ရန်ကုန် အနောက်ပိုင်းခရိုင် ၂၀၀၅ ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။ (ရန်ကုန်တိုင်း)

တက်ရောက်

ဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း တေရသမအကြိမ်(၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေး၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ အကဲဖြတ် ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၀၅ ခုနှစ် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်သည်တော်များအား ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ရွှေတံဆိပ်ဆုရှင် အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၀၅ ခုနှစ် တေရသမအကြိမ်(၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်မှ ပြိုင်ပွဲဝင်ပညာရှင် အဆင့် ၂၂ ဦး၊ ဝါသနာရှင်အဆင့် ၁၃၈ဦး စုစုပေါင်း အနုပညာရှင် ၁၆၀ ပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

ပါဝင်ယှဉ်ပြိုင်

ရန်ကုန် အနောက်ပိုင်းခရိုင် ၂၀၀၅ ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် လမ်းမတော်မြို့နယ်မှ ဝါသနာရှင် အဆင့် အကပြိုင်ပွဲ၌ ချောစုဟန် ပြိုင်ပွဲဝင်စဉ်။ (၄၃)

ကျောက်ပန်းတောင်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဩဂုတ် ၂၉

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)မှကြီးမှူး၍ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို စက်တင်ဘာ ၄ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီ၌ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်းပရိယတ္တိစာသင်တိုက်တွင် ပြုလုပ်မည်ဖြစ်ရာ မြို့နယ်သူမြို့နယ်သားအားလုံး တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

ဂုဏ်ပြုလွှာပေးအပ်

အင်းစိန်မြို့ မာလာမြိုင်လမ်း ပေါက်တောရပ်ကွက်နေ ကွယ်လွန်သူ ဦးထွန်းခင်အားရည်စူး၍ ဇနီးဖြစ်သူ ဒေါ်သန်းသန်းနှင့် သားသမီး၊ မြေး၊ မြစ်တစ်စုတို့က အလှူငွေကျပ် တစ်သိန်းကို အင်းစိန်မြို့ မာလာရာမကွက်သစ်ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ (၂) ဦးအေးသိန်း၊ အတွင်းရေးမှူး ဦးကျော်သန့်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၂) ဦးစိုးမြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေး အစမ်းတွင်းအမှတ် ဇောတိက(၁) စတင်တူးဖော်

ရန်ကုန် ဩဂုတ် ၂၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေး လုပ်ကွက်အမှတ် M-9 ၌ အစမ်းတွင်းအမှတ် ဇောတိက(၁) အား စတင်တူးဖော်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ဆွေးနွေးညှိနှိုင်း

ရေးဦးစွာ ဝန်ကြီးသည် တူးဖော်ရေး သင်္ဘော Frontier Duchess ပေါ်သို့ သွားရောက်ရာ ဝန်ကြီးအား တူးဖော်ရေး သင်္ဘောပေါ်ရှိ ရှင်းလင်းဆောင်၌ Petroleum Authority of Thailand Exploration & Production Int'L (PTTEPI) ကုမ္ပဏီ Resident Manager ဖြစ်သူ Mr. Prapat Sonpongpipat က ကြိုဆို နှုတ်ဆက်စကားပြောကြားသည်။ ထို့နောက် PTTEPI ကုမ္ပဏီ Drilling Engineer ဖြစ်သူ Mr. Sarit Rattanachan က လုပ်ကွက်အမှတ် M-9 ၏ အလားအလာများ၊ တွင်းတူးဖော် စမ်းသပ်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုရှင်းလင်းတင်ပြရာဝန်ကြီးနှင့် စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူများက အသေးစိတ် ဆွေးနွေးညှိနှိုင်းကြသည်။ ဝန်ကြီးက လုပ်ကွက် အမှတ် M-9 အတွင်းရှိ ဘူမိအနေအထား ကောင်းမွန်သော သဲကြောများအား ရှာဖွေရေးတွင်းများ တူးဖော်ခြင်း လုပ်ငန်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားပြီး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းသည်။ ထို့နောက် ဝန်ကြီးက တွင်းတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြသော နိုင်ငံခြားသား ပညာရှင်များနှင့် မြန်မာဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းများ ပေးအပ်ချီးမြှင့်သည်။

ဖွင့်လှစ်

ဆက်လက်၍ ဝန်ကြီးသည် တူးဖော်ရေးသင်္ဘော Frontier Duchess ပေါ်ရှိ တွင်းတူးဖော်ရေးစင်သို့ သွားရောက်ပြီး လုပ်ကွက်အမှတ် M-9 ၏ အစမ်းတွင်းအမှတ် ဇောတိက(၁) စတင်တူးဖော်ခြင်း အခမ်းအနားကို နံနက်၁၀နာရီ၁၇မိနစ်တွင် စက်ခလုတ်နှိပ်၍ စတင်တူးဖော် ဖွင့်လှစ်ပေးသည်။

ထပ်မံတွေ့ရှိနိုင်

အဆိုပါ မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9 သည် လက်ရှိ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့များ ပို့လွှတ်ရောင်းချလျက်ရှိသည့် ရတနာ သဘာဝဓာတ်ငွေ့သိုက်၏ တောင်ဘက်တွင် ကပ်လျက်တည်ရှိသည်။ PTTEPI ကုမ္ပဏီအနေဖြင့် ၂၀၀၅ခုနှစ်အတွင်းတွင် ရှာဖွေရေးတွင်း နှစ်တွင်းနှင့် ၂၀၀၆ ခုနှစ် ပွင့်လင်းရာသီအတွင်း နောက်ထပ်လေးတွင်းကို တူးဖော်စမ်းသပ်သွားမည်ဖြစ်ရာ နောက်ထပ် သဘာဝဓာတ်ငွေ့သိုက်အသစ် ထပ်မံတွေ့ရှိနိုင်မည့်အလားအလာများ များစွာကောင်းမွန်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံ ရှာဖွေရေး တူးဖော်ရေး သင်္ဘော Frontier Duchess ပေါ်ရှိ အစမ်းတွင်း အမှတ် ဇောတိက(၁)ကို စက်ခလုတ် နှိပ်၍ စတင်တူးဖော် ဖွင့်လှစ်ပေးစဉ်။ (စွမ်းအင်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီးအေးဖေ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် အသင်း ၁၂သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို စက်တင်ဘာ ၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပညာရေးအထောက်အကူပြု ပရောဂျက်စီဒီပေးပို့ရန် ရက်ပြောင်းရွှေ့သတ်မှတ်

ရန်ကုန် ဩဂုတ် ၂၉

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန အခြေခံပညာဦးစီးဌာနများနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပမည့် Educational Project Competition For National Level 2005 ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင် အချက်အလက်များနှင့် Project CD များကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁ရက် နောက်ဆုံးထား၍ ပေးပို့ရန် သတ်မှတ်ထားခဲ့ရာ ယခုအခါ ပြိုင်ပွဲဝင်များအတွက် ပြိုင်ပွဲဝင်ရန်၊ အချိန်လုံလောက်စွာ ရရှိရန်နှင့် ရှင်းလင်းသော Application များ ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြိုင်ပွဲဝင် အချက်အလက်များနှင့် Project CD များကို ၂၀၀၅ခုနှစ် အောက်တိုဘာ ၂၅ရက် နောက်ဆုံးထား ပေးပို့ရန် ရက်ပြောင်းရွှေ့သတ်မှတ်ထားသည်။ (သတင်းစဉ်)

ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်

ရန်ကုန် ဩဂုတ် ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းအား ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်

ရန်ကုန် ဩဂုတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ထွန်းအား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် (၁၀)မိုင် လေဆိပ်ရိပ်သာလမ်းသွယ်(၂)နေ ဦးညိုမောင်-ဒေါ်ခင်သန်းဦး (သမီး)မယဉ်မြတ်မွန် (သား)မောင်ညိုမင်းသန့် မိသားစုတို့က ဒေါ်ခင်သန်းဦး၏ မွေးနေ့အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မန္တလေးတိုင်း ဥက္ကဋ္ဌဖလားခရိုင်အလိုက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၅ခုနှစ် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အသက် ၁၇နှစ်အောက် (အမျိုးသား)ခရိုင်အလိုက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၂၅ရက် ညနေ ၃နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ကျင်းပရာ အခမ်းအနားသို့ ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီးတင်ငွေနှင့် တပ်မတော်အရာရှိကြီးများ၊ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီးတင်ငွေက အမှာစကားပြောကြားပြီး ကွင်းဖွင့်ပွဲ ပွဲစဉ်အဖြစ် အားကစားသိပ္ပံ(မန္တလေး)နှင့် မန္တလေးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် မန္တလေးတိုင်း အတွင်းရှိ ခရိုင်ကိုယ်စားပြု အသင်း ခုနစ်သင်းနှင့် အားကစားသိပ္ပံ(မန္တလေး) အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို မန္တလေးမြို့၌ ကျင်းပသွားမည် ဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၈-၂၀၀၅ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	အောင်မြေရွှေဘိုမြို့ အပိုင်း(၁)
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၇:၃၀	Sunday Talk
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
၈:၄၀	ပြည်တွင်းသတင်းအကျဉ်း
၈:၄၅	UEFA Stories Best Games(3)
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၂၀	အိုးထိန်းသည်(ကျော်ရဲအောင်၊ ခိုင်သင်းကြည်၊ မြင့်မြင့်ခိုင်၊ အိဖြူစိုး)
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	မိုးလေဝသခန့်မှန်းချက်
၉:၅၅	ဗီစီဒီလှိုင်းခတ်သံ (မိုးစက်နှင်းဆီသို့ တမ်းချင်း-၁)
၁၀:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၁၅	ခေတ်အဆက်ဆက်က ထင်ပေါ် မြန်မာ့ဖိနပ်ပုံတော်
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	နိုင်ငံတကာပိုက်ကျော်ခြင်း ပြိုင်ပွဲ
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	ဒေသဝမ်းစာဖူလုံဖို့ ဆင်းရွှေလီစပါးစိုက်ကြစို့ အပိုင်း(၄)
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ လေးကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်
၁၀:၀၀	Wigan-Sunderland
လိုင်း	5-Cartoons(Delay)
၁၁:၃၀	Premier League Highlights
လိုင်း	5-Cartoons(Delay)

မျိုးဆက်ပွား ကျန်းမာရေးပညာပေး ဟောပြောပွဲ

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှကြီးမှူး၍ မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် အသက် ၁၅နှစ်မှ ၄၅နှစ်အတွင်း အမျိုးသမီးများအား မျိုးဆက်ပွားကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၉ရက် မွန်းလွဲ ၁နာရီက မင်္ဂလာတောင်ညွန့် အထက(၁) ကျောင်းခန်းမတွင် ကျင်းပသည်။

ဟောပြော

ရေးဦးစွာ မြို့နယ် ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာ ဒေါ်သက်သက်မာနှင့် မြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်သန်းရီတို့က မျိုးဆက်ပွား ကျန်းမာရေးအသိပညာ ပေးဟောပြောသည်။ ဆက်လက်၍ ရွှေညာသူ စတိုးဆိုင်ပိုင်ရှင် ဦးရဲမြင့်နှင့် ဇနီး ဒေါ်ခင်မျိုးဝေတို့ လှူဒါန်းသော ကြက်ဥအလုံး ၂၀၀၀ နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကိုယ်ဝန်ဆောင် အားဆေးများကို ကိုယ်ဝန်ဆောင် မိခင်များအား ပေးအပ်သည်။ **(အောက်ပုံ)**

(၃၂)

စပါးကရွှေ ငါးကငွေ လယ်ယာသားငါး ပြည့်စီးပွား

ဂွါတာနာမိုမှ အကျဉ်းသားသုံးဦးကို ပြန်လည်လွှတ်ပေး ကန်အကျဉ်းစခန်းတွင် အကျဉ်းသား ၅၀၅ ဦး ကျန်ရှိနေသေး

ဝါရှင်တန် ဩဂုတ် ၂၈

အမေရိကန်စစ်ဌာနချုပ်က အီရန်၊ ယီမင်နှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့မှ အကျဉ်းသားသုံးဦးအား ဂွာတာနာမိုမှ လွှတ်ပေးလိုက်ကြောင်း တနင်္လာနေ့ကပြောကြားရာ ပြည်ပမှ အကြမ်းဖက်သမားများဟု သင်္ကာမကင်းသည့် အကျဉ်းသား ၅၀၅ ဦးတို့ အမေရိကန်စစ်ဘက်အကျဉ်းစခန်းတွင် ကျန်ရှိနေသေးသည်။

ယီမင်နှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့သို့ ပြန်လွှတ်ပေးလိုက်သည့် အကျဉ်းသားနှစ်ဦးသည် ရန်သူတိုက်ခိုက်ရေးသမားများမဟုတ်ကြောင်း ပြန်လည်သုံးသပ်ရေး အထူးခုံရုံးက စစ်ဆေးတွေ့ရှိသည်ဟု အမေရိကန်စစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ရေတပ်တပ်မှူး ပလက်ဇီကိုက ပြောကြားသည်။

ထောက်ခံမှုပေး

အီရန်မှ အကျဉ်းသားကို လွှတ်ပေးရေးအတွက် နှစ်ပတ်လည်အုပ်ချုပ်မှုဆိုင်ရာ သုံးသပ်ရေးအဖွဲ့က သီးခြားထောက်ခံမှု ပေးရမည်ဖြစ်သည်ဟု ပလက်ဇီကိုက ပြောကြားသည်။

ထုတ်ဖော်ပြောကြား

အမေရိကန်စစ်ဌာနချုပ်က ၎င်းအကျဉ်းသားသုံးဦးနှင့် ပတ်သက်၍ မည်သူမည်ဝါဖြစ်သည်ကို ထုတ်ဖော်ပြောကြားမှုမရှိပေ။

လွှဲပြောင်းပေးပို့

အမေရိကန်အစိုးရက ကျူးဘားနိုင်ငံ အရှေ့တောင်ဖျားဒေသရှိ ဂွါတာနာမို ရေတပ်အကျဉ်းစခန်းကို ၂၀၀၂ ခုနှစ် ဇန်နဝါရီလက ဖွင့်လှစ်ထားခဲ့ခြင်းဖြစ်ပြီး ယင်းသို့ ထိန်းသိမ်းထားမှုကြောင့် လူ့အခွင့်အရေးအုပ်စု များထံမှ ဝေဖန်မှု မှန်မှန်ကြုံတွေ့ နေရသည်။ အကျဉ်းသားစုစုပေါင်း ၂၄၅ ဦး ယင်းအကျဉ်းစခန်းမှ ပြန်လွှတ်ရန် သို့တည်းမဟုတ် ဆက်လက်ထိန်းသိမ်းရန်အတွက် ၎င်းတို့၏ ဌာနေနိုင်ငံ များသို့ လွှဲပြောင်းပေးပို့ခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘာကူဘာမြို့အပြင်ဘက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်မှုပြုလုပ်နေသည်ကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လူဝီစီယားနားပြည်နယ် ကမ်းရိုးတန်းဒေသတွင် ဟာရီကိန်း တိုက်ခတ်

နယူးအော်လန်း ဩဂုတ် ၂၉

အမေရိကန်ပြည်ထောင်စု လူဝီစီယားနားပြည်နယ်ကမ်းရိုးတန်းဒေသတွင် တနင်္လာနေ့က ကက်ထရီနာဟု အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းတိုက်ခတ်ရာ ဒေသခံပြည်သူများကို ဘေးကင်းလုံခြုံရာ နေရာများသို့ ရွှေ့ပြောင်းပေးလိုက်ရသည်။

မက္ကဆီကို ပင်လယ်ကွေ့မှ လူဝီစီယားနားပြည်နယ် ကမ်းရိုးတန်း၏ ကုန်းတွင်းပိုင်းသို့ မုန်တိုင်းဝင်ရောက်လာရာ တစ်နာရီလျှင် မိုင်၁၄၀နှုန်းဖြင့် လေပြင်းတိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

အဆိုပါ မုန်တိုင်းသည် လူဝီစီယားနား ပြည်နယ်တောင်ပိုင်း နယူးအော်လန်းမြို့တွင် ပြင်းထန်စွာ တိုက်ခတ်ခဲ့ပြီး မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်းနှင့် နေအိမ်များ ရေနစ်မြုပ်ခြင်းတို့ ဖြစ်ပေါ်သည်။

မြေနိမ့်ပိုင်း ဒေသရှိ နယူးအော်လန်းမြို့တွင် ဒေသခံလူထောင်ပေါင်းများစွာမှာစူပါဒွမ်းအမည်ရှိ အားကစားရုံကြီးအတွင်း ခိုလှုံနေကြရသည်။

လူဝီစီယားနား ပြည်နယ်တွင် တိုက်ခတ်သော ဟာရီကိန်းမုန်တိုင်းသည် အဆင့်-ငါးဆင့် ပိုင်းခြားထားသော ဆက်ဖီယာဆင်ပ်ဆင်စကေးအရ အဆင့်-လေးရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

ဩဂုတ် ၂၉ရက်က ကက်ထရီနာ ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ် နယူးအော်လန်းမြို့လယ်တွင် လမ်းများ ရေနစ်မြုပ်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နျူသုတေသန ဆက်လက်လုပ်ဆောင်ရန် အီရန်အစိုးရ ဆုံးဖြတ်

တီဟီရန် ဩဂုတ် ၂၈

အီရန်အစိုးရသည် တရားဝင်ဖြစ်သည့် နျူကလီးယားသုတေသနလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ရန် ဆုံးဖြတ်ထားသည်ဟု အီရန်နိုင်ငံမှ နျူကလီးယား ညှိနှိုင်းရေးမှူး အကြီးအကဲက ထပ်မံပြောကြားလိုက်ကြောင်းဖြင့် အိုင်အာအင်အေ သတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

အီရန်အစ္စလမ္မစ်သမ္မတနိုင်ငံအနေဖြင့် နျူကလီးယား နည်းပညာကို ခက်ခက်ခဲခဲ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အီရန်အနေဖြင့် ယင်းသို့ရရှိမှုသည် တရားဝင်အခွင့်အရေးဟု ထင်မှတ်ထားကြောင်း အလီလာရီဂျာနီအား ကိုးကား၍ အထက်ပါ သတင်းဌာနကဖော်ပြသည်။

လာရီဂျာနီသည် ညှိနှိုင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခံရပြီးသည့်နောက် ဗီယင်နာမြို့သို့ သွားရောက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

အီရတ်အနောက်ပိုင်း၌ ဗုံးကွဲ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၈

အီရတ်နိုင်ငံ အနောက်ပိုင်းဒေသတွင် ဗုံးဖြင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးနှင့် ရေ့ကက် ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့်အခြားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြကြောင်း အမေရိကန်စစ်ဘက်က အင်္ဂါနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဖလူးဂျာမြို့အပြင်ဘက်တွင် မရိန်းတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်အနီး လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အမှတ် (၂) မရိန်းတပ်မမှ မရိန်းတပ်ဖွဲ့ဝင်တစ်ဦး တနင်္လာနေ့က သေဆုံးခဲ့ခြင်းဖြစ်သည်။

သေဆုံး

ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းတွင် ပြောက်ကျားများက တနင်္လာနေ့ ညနေ ၆နာရီ ၂၀မိနစ်တွင် ရော့ကက်ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် ဘဂ္ဂဒက် အထူးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း သီးခြားထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော်ဝင်ရောက်ခဲ့ပြီးသည့်နောက် အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၁၈၆၀ ကျော်ရှိသွားပြီဟု မီဒီယာသတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ရှိ ဖိလစ်ပိုင်အလုပ်သမားများ ဌာနေပြန်လာရန် ဖိလစ်ပိုင်အစိုးရက တိုက်တွန်း

မနီလာ ဩဂုတ် ၂၈

လက်နက်ကိုင်များက ဖိလစ်ပိုင်အင်ဂျင်နီယာတစ်ဦးအား သတ်ဖြတ်ခဲ့မှုအပေါ် ဖိလစ်ပိုင်အစိုးရက ရှုတ်ချပြောကြားပြီးနောက် အီရတ်နိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် ဖိလစ်ပိုင်နိုင်ငံသားများ ဌာနေပြန်ရေးကို စဉ်းစားကြရန် သောကြာနေ့က တိုက်တွန်းနှိုးဆော်ထားသည်။

ဖိလစ်ပိုင်သမ္မတ အာရိုယိုနှင့် ဖိလစ်ပိုင်အစိုးရတို့က အသတ်ခံခဲ့ရသည့် အင်ဂျင်နီယာ ဖက်ဒရီကိုဆမ်ဆင်၏ မိသားစုထံ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

မိမိစိတ်ဆန္ဒအလျောက် ဌာနေပြန်လာမည့် အစီအစဉ်ရှိသူများအား မိမိတို့က ကူညီရန် ပြင်ဆင်ထားကြောင်း၊ ၎င်းတို့အနေဖြင့် ဌာနေအမြန်ပြန်လိုပါက ပြန်နိုင်စေရန် ကူညီမည်ဖြစ်ကြောင်း သမ္မတအာရိုယိုက ပြောကြားသည်။ အင်ဂျင်နီယာ ဆမ်ဆင်သည် အမေရိကန် နည်းပညာ ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ကိုင်နေသူဖြစ်သည်။ ၎င်းအား ခုခံရေးသမားများဟု သင်္ကာမကင်းဖြစ်သူများက အီရတ်ရေနံမြေ ကယ်ကွတ်တွင် ဗုဒ္ဓဟူးနေ့က ချောင်းမြောင်းပစ်ခတ်သဖြင့် သေဆုံးသွားခဲ့သည်။

ဖိလစ်ပိုင်အစိုးရက အီရတ်သို့ အလုပ်သမားများ မသွားရောက်ရန် ပိတ်ပင်ထားသော်ငြားလည်း ဖိလစ်ပိုင်နိုင်ငံသားများ ရာချီ၍ အီရတ်သို့ ခိုးသွားနေကြသည်ဟု အာဏာပိုင်များက ပြောကြားသည်။

ပိုမိုရရှိ

ဖိလစ်ပိုင်အလုပ်သမား ၆၀၀၀ ခန့် အီရတ်တွင် အခြေစိုက်လုပ်ကိုင်နေကြပြီး အဓိကအားဖြင့် အီရတ်စစ်ဘက်ဆိုင်ရာ အဆောက်အအုံများတွင် ထမင်းချက်သူ၊ ခဝါသည်၊ ဖီးဖိုချောင်ကူဖော်လောင်ဖက်၊ စားပွဲထိုးနှင့် စာရင်းကိုင်များအဖြစ် လုပ်ကိုင်နေကြသည်။ ၎င်းတို့သည် လစာတစ်လလျှင် ပျမ်းမျှအားဖြင့် အမေရိကန် ဒေါ်လာ ၅၀၀ ရရှိပြီး ဖိလစ်ပိုင်နိုင်ငံတွင် လုပ်ကိုင်သည်ထက် ထူးထူးခြားခြား ဝင်ငွေပိုမိုရရှိနေကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ ဆမ်မာဝါမြို့ရှိ စစ်ဆေးရေးဂိတ်တွင် အပေါင်းပါတပ်ဖွဲ့ဝင်များက အီရတ်တစ်ဦးအား ရှာဖွေစစ်ဆေးနေသည်ကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် လမ်းဘေးဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး၊ လေးဦး ဒဏ်ရာရရှိ

ကဘူး ဩဂုတ် ၂၈

အာဖဂန်နစ္စတန်နိုင်ငံတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး လေးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက စနေနေ့တွင် ပြောကြားသည်။ အာဖဂန်နစ္စတန်တွင် ရွေးကောက်ပွဲအကြိုကာလ၌ အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာတွင် နောက်ဆုံးသေဆုံးမှုဖြစ်ရပ်ဖြစ်သည်။ လူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူ ဗိုလ်စင်ဒီမိုးက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလာသည့် ဟမ်ဗီးမော်တော်ယာဉ် လမ်းဘေးဗုံးနင်းမိ၍ ပေါက်ကွဲမှု ဖြစ်ပွားကြောင်း၊ ပါကစ္စတန် နယ်စပ်အနီးရှိ ကဘူးမြို့တော်တောင်ပိုင်း ပါကူဘာပြည်နယ်တွင် သောကြာနေ့က ဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားရာတွင် ထိခိုက်ပျက်စီးခဲ့သည့် အမေရိကန်စစ်ဘက် ဟမ်ဗီးယာဉ်အား ရည်ညွှန်းကိုးကား၍ စင်ဒီမိုးက ပြောကြားခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ရေလှောင်တမံ တည်ဆောက်ပေးလိုက်သည့်အတွက် သီးနှံပုံစံသည် တစ်နှစ်သုံးသီးနှင့် သီးနှံစိုက်ဧကများ ၂၅၅ ရာခိုင်နှုန်းအထိတိုးတက်

✻ ကျောဖုံးမှ

နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မီးသတ်နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ မင်္ဂလာစည်တော်နှင့် ဘင်ခရာအဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ တာဝန်ရှိသူများ စုစုပေါင်း အင်အား ၄၅၀၀ ကျော်တို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦးက အမှာစကား ပြောကြားရာတွင် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်အတွင်း၌ ယနေ့ဖောင်းကတာ ရေလှောင်တမံကို အောင်မြင်စွာဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း၊ ဆားလင်းကြီးမြို့နယ်အတွင်း၌ပင် ဆားလင်းကြီးရေလှောင်တမံကို ယခင်နှစ် စက်တင်ဘာလအတွင်းက ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုတစ်ဖန်ထပ်မံပြီး ဆားလင်းကြီးရေလှောင်တမံ၏ မြောက်ဘက်နှစ်မိုင်ခွဲအကွာ၌ ဖောင်းကတာရေလှောင်တမံကို တည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့်အတွက် ရေလှောင်တမံနှစ်ခုက ယှဉ်တွဲပြီး ဤဒေသ၌ ဆည်ရေသောက်လယ်မြေများ ဆက်စပ်ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ဤနယ်မြေဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ပြီး စီးပွားရေး၊ လူမှုရေးအဆင့်အတန်းများ ထပ်ဆင့်တိုးတက်မြင့်မားလာမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများနှင့်ထပ်တူဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်းကို ပြောကြားလိုကြောင်း။

လမ်းညွှန်စီမံပေးလျက်ရှိ

နိုင်ငံတော်တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းလာအောင်လည်း နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အဖက်ဖက်က လမ်းညွှန်မှုများဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းကဲ့သို့ စီမံဆောင်ရွက်မှုထဲတွင် ယခုဖောင်းကတာရေလှောင်တမံလည်း တစ်ခုအပါဝင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတကြွယ်ဝသော တိုင်းပြည်ဖြစ်ကြောင်း၊ ဒီအခြေခံတွေကို အကျိုးရှိရှိ အသုံးချပြီး နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ စီးပွားရေးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိနေမှုမှာ ကျေးလက်ပြည်သူအများစုရဲ့ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်မြင့်မားလာစေရန် အဓိကစိုက်ပျိုးရေရရှိရေးကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိအခြေအနေမှာ စိုက်ပျိုးရေးကဏ္ဍသည် မြန်မာနိုင်ငံ၏ အခြေခံကျသော စီးပွားရေးလုပ်ငန်းကြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးကုန်ထုတ်လုပ်မှုပမာဏ၏ ၄၁ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း၊ ဆက်လက်ပြီး စိုက်ပျိုးရေးကဏ္ဍ၏ ကုန်ထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် အခြေခံကောင်းများရှိနေကြောင်း။

လမ်းညွှန်တိုက်တွန်းခဲ့

နိုင်ငံတော်၏ ရေ၊ မြေသယံဇာတ အခြေခံကောင်းများကို နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးအတွက် အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"ယနေ့ ရရှိနေပြီဖြစ်သော တည်ငြိမ်မှု၊ အေးချမ်းသာယာမှုကို အရင်းခံလျက် နိုင်ငံတော်၏ ပေါကြွယ်ဝသော သယံဇာတများ၊ စီးပွားရေးအရင်းအမြစ်များကို နိုင်ငံတော်အတွက် အကျိုးရှိရှိအသုံးပြုကာ ဘက်စုံဖွံ့ဖြိုးသော ခေတ်မီနိုင်ငံတော်သစ်အဖြစ်သို့ အမြန်ရောက်ရှိရေးကို မမိုတ်မသုန်သော ဆန္ဒပြင်းပြစွာဖြင့် လက်တွဲချီတက်ကြရမည့် အချိန်အခါဖြစ်ကြောင်း" ဖြင့် ၁၉၉၅ခုနှစ် (၇၅)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာထဲ၌ လမ်းညွှန်တိုက်တွန်းခဲ့ပါကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်သူများအကျိုးအတွက် နိုင်ငံတော်၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရအောင် အခါမလပ် ကြပ်မတ်လမ်းညွှန်ပေးလျက်ရှိရာ၌ အထူးသဖြင့် စိုက်ပျိုးရေးတွင် အရေးပါသော စိုက်ပျိုးရေရရှိရေးအတွက် စိုက်ပျိုးရေရှားပါးသည့် ဒေသများ၌ ရေလှောင်တမံ စီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ တည်ဆောက်အကောင်အထည်ဖော်သွားရန် လမ်းညွှန်ပေးလျက်ရှိကြောင်း။

အထူးသဖြင့် မိုးနည်းရေရှားဒေသများမှာ စိုက်ပျိုးရေရရှိရန် မြစ်ရေတင်စီမံကိန်းများ၊ ရေလှောင်တမံစီမံကိန်းများ၊ မြေအောက်ရေ ရရှိရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

၁၇၇ခုမြောက်ရေလှောင်တမံ

ယခုတည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့် ဖောင်းကတာရေလှောင်တမံသည် ၁၉၈၈ခုနှစ်နောက်ပိုင်း စစ်ကိုင်းတိုင်းအတွင်းတွင် အကောင်အထည်ဖော်ပေးလိုက်သော ၁၉ ခုမြောက် ရေလှောင်တမံ တစ်ခုဖြစ်သကဲ့သို့ နိုင်ငံတော်၏ ၁၇၇ ခုမြောက် ရေလှောင်တမံစီမံကိန်းလည်းဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း တည်ဆောက်ပေးနိုင်မှုကြောင့် နိုင်ငံနှင့်တစ်ဝန်းဆည်ရေသောက် ဧက နှစ်သန်းလေးသိန်းကျော် တိုးတက်လာခဲ့ပြီး ၁၉၈၈ခုနှစ်က သီးနှံစိုက်ဧကများသည် ၁၁၉ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာက ယခုအချိန်တွင် ၁၅၂ ဒသမ ၇ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပါကြောင်း။

နိုင်ငံတစ်ဝန်း ဖြန့်ကြက်ပြီး ရေလှောင်တမံနှင့် မြစ်ရေတင်စီမံကိန်းများသည် ကွန်ရက်သဖွယ် တည်ရှိလာပြီဖြစ်သည့်အတွက် နယ်မြေဒေသအသီးသီး၏ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာမှုနှင့် ဆက်နွှယ်ပြီး ပတ်ဝန်းကျင် နယ်မြေလူထု၏ လူမှုစီးပွားရေး တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ပေးနေနိုင်ပြီဖြစ်ကြောင်း၊ ယခုဖောင်းကတာ ရေလှောင်တမံကြောင့် ယင်းနယ်မြေ လူထုအနေဖြင့် အကျိုးကျေးဇူးများ ခံစားရတော့မည်ဖြစ်ကြောင်း။

ယခုဆိုလျှင် ရေရှားသော ဤဒေသ၌ ငွေသာ၊ ဆားလင်းကြီးနှင့် ဖောင်းကတာရေလှောင်တမံများ အစုအဖွဲ့က စိုက်ပျိုးရေ ပေးဝေလာနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရလာသော အခွင့်အရေးကို လက်လွတ်မခံဘဲ ဤဒေသ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာအောင် မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် အားထုတ်ကြိုးပမ်းသွားကြစေလိုကြောင်း။

ဤဒေသသည် ပုံမှန်အားဖြင့် မိုးကာလနည်းပါးသော မိုးရွာရက်များနှင့် မိုးရေချိန်လက်မ ၃၀ ခန့်သာ ရွာသွန်းမှုရှိနေသည့်အတွက် မိုးကာလမှာပင် စိုက်ပျိုးရေအလုံအလောက် မရနိုင်သော ဒေသတစ်ခုဖြစ်ကြောင်း၊ ပူပြင်းခြောက်သွေ့မှုကြောင့် စိုက်ပျိုးရေသာမက သောက်သုံးရေ အခက်အခဲများနှင့်လည်း ကြုံတွေ့နေကြရကြောင်း။

လယ်မြေအဖြစ်ကူးပြောင်း

ယခုတည်ဆောက်ပေးလိုက်သော ဖောင်းကတာ ရေလှောင်တမံ အပါအဝင် ဆည်အစုအဖွဲ့များ တည်ဆောက်ပေးနိုင်မှုကြောင့် ဤဒေသက ယာမြေများသည် ဆည်ရေသောက် လယ်မြေများအဖြစ် ကူးပြောင်းတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ဤဒေသ၏ ကျေးရွာအုပ်စုသုံးစုက စိုက်ပျိုးမြေဧက ၁၅၀၀ ခန့်ကို ဆည်ရေပေးဝေနိုင်တော့မည်ဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်လာစေမည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ကျေးလက်ဒေသသောက်သုံးရေဖူလုံရေးအတွက်ပါ အကျိုးခံစားရတော့မည်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုနှင့်အတူ ဆက်နွှယ်နေသော စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာတော့မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးသည်လည်း တိုးတက်မြင့်မား လာတော့မည်ဖြစ်ကြောင်း။

ဤဒေသက ကျေးရွာအုပ်စုသုံးခုသည် ယခင်က ပဲစင်းငုံနှင့် မိုးနှမ်းကို မူရင်းဧက ၁၀၀၀ ၌ ပထမသီးနှံအဖြစ် စိုက်ပျိုးပြီး ဒုတိယသီးနှံအဖြစ် ပဲမျိုးစုံဧက ၃၇၀ ဝန်းကျင်ကိုသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ သီးနှံစိုက်ဧကများကို ကြည့်လျှင် ၁၃၇ ရာခိုင်နှုန်းပင်ရှိကြောင်း၊ ယခု ဤရေလှောင်တမံ တည်ဆောက်ပေးလိုက်သည့်အတွက် မူရင်းဧက ၁၀၀၀ ၌ မိုးစပါး၊ ချည်မျှင်ရှည်ဝါနှင့် မိုးနှမ်းတို့ကို ပထမသီးနှံအဖြစ် ရေသွင်းစိုက်ပျိုးနိုင်တော့မည့်အပြင် ဒုတိယသီးနှံ ကုလားပဲ နှင့် ဆောင်းနှမ်းကို ဧက ၁၀၀၀၊ တစ်ဖန်ထပ်မံပြီး တတိယသီးနှံ မိုးကြိုနှမ်းကို ဧက ၅၅၀ စိုက်ပျိုးလာနိုင်မည်ဖြစ်သည့်အတွက် သီးနှံပုံစံသည် တစ်နှစ်သုံးသီးနှင့် သီးနှံစိုက်ဧကများသည် ၂၅၅ ရာခိုင်နှုန်းအထိ တိုးတက်အကျိုးခံစားရတော့မည်ဖြစ်ကြောင်း။

အထောက်အကူပြုနေ

ဆားလင်းကြီးမြို့နယ် အပါအဝင် စစ်ကိုင်းတိုင်းကို မိမိတို့နိုင်ငံ၏ အထက်ပိုင်း၌ စပါးကျီကြီးအဖြစ် အားထားတည်ရှိလာအောင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများဖြင့် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤရည်မှန်းချက်နှင့်အညီ ယခင်တည်ဆောက်ပေးခဲ့သော မြေအောက်ရေစီမံကိန်းအပါအဝင် ကြီးမားသည့် သဖန်းဆိပ်ရေလှောင်တမံကြီးနှင့် ဒေသအလိုက် ဆည်အစုအဖွဲ့များက စစ်ကိုင်းတိုင်း၏ လယ်ယာကုန်ထုတ်စွမ်းအား တိုးတက်ရအောင်ဝိုင်းရံ အထောက်အကူပြုနေပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ဒေသခံပြည်သူများအနေဖြင့် ယခင်က မိုးနည်းရေရှား၍ သီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် မိမိတို့စွမ်းအားရှိသမျှ ထုတ်လုပ်ခြင်းမပြုနိုင် ဖြစ်နေရသည့် အခြေအနေကို ကျော်လွှားနိုင်တော့မည်ဖြစ်ကြောင်း၊ သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်သည်နှင့်အမျှ ဒေသခံတောင်သူများ၏ လူမှုစီးပွားရေး ပိုမိုမြင့်မားတိုးတက်လာအောင် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာသည်နှင့်အမျှ ဆက်နွှယ်နေသော အခြားစီးပွားရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ဒေသ၌ရှိသည့် ပြည်သူများ၏ လူမှုရေးဘဝ၊ စီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားနိုင်တော့မည် ဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်၏ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်ပြီး နိုင်ငံစီးပွားရေး ပိုမိုတိုးတက် ခိုင်မာလာစေရန် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကား ပြောကြားရာတွင် စစ်ကိုင်းတိုင်း၌ ယခုဖွင့်လှစ်သည့် ရေလှောင်တမံတစ်ခု ထပ်မံပေါ်ပေါက်လာပြီဖြစ်၍ ဒေသအတွက် စိုက်ပျိုးရေးသာမက စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုမည့် အခြေခံကောင်းများ မွေးဖွားပေးသည့်နေ့တစ်နေ့အဖြစ် ဒေသခံပြည်သူများနှင့် ထပ်တူထပ်မျှ ဝမ်းသာဂုဏ်ယူ ဖြစ်မိပါကြောင်း။

ဤရေလှောင်တမံသည် အဓိကအားဖြင့် မိုးနည်းရေရှားသော ဆားလင်းကြီးမြို့နယ်အတွင်းရှိ မူလယာမြေများကို လယ်မြေအဖြစ်ပြောင်းလဲ၍ ရေပေးဝေစိုက်ပျိုးနိုင်မည့်အပြင် ဒေသသောက်သုံးရေရရှိနိုင်ပြီး ဒေသစိမ်းလန်းစိုပြည်ဖွံ့ဖြိုးတိုးတက်လာမည့် ရေလှောင်တမံတစ်ခုဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းအတွင်း ၁၉၈၈ ခုနှစ်မှစပြီး ယနေ့အထိ ယခုဖွင့်လှစ်လိုက်သော ဖောင်းကတာရေလှောင်တမံအပါအဝင် ဆည်/တမံ အကြီး၊ အသေး ၁၉ ခုကို ငွေကျပ်သန်းပေါင်း ၁၃၀၇၅ ဒသမ ၁၈ အကုန်အကျခံ တည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ အကျိုးပြုဧကအနေဖြင့် ၃၇၁၄၄၄ဧကကျော်ခန့် ရှိနေပြီဖြစ်ကြောင်း။

ဆည်အစုအဖွဲ့

ဆားလင်းကြီးမြို့နယ်နှင့် ဆက်စပ်နေသော ပတ်ဝန်းကျင်၌ တည်ဆောက်ပြီး ရေလှောင်တမံများကို ကြည့်မည်ဆိုလျှင် ၁၉၈၈ ခုနှစ်နောက်ပိုင်း သာစည်ရေလှောင်တမံ၊ ထန်းဇလုပ်ရေလှောင်တမံ၊ နွယ်ခွေရေလှောင်တမံ၊ လက်ယက်မရေလှောင်တမံ၊ မြောက်ယမားရေလှောင်တမံ၊ တောင်ယမားရေလှောင်တမံ၊ ကြက်မောက်နှင့် လယ်တီရေလှောင်တမံ၊ လက်ပန်ရေလှောင်တမံနှင့် မြို့သစ်ရေလှောင်တမံတို့တည်ရှိပြီး ဆားလင်းကြီးမြို့နယ်အတွင်း ငွေသာရေလှောင်တမံ၊ ဆားလင်းကြီးရေလှောင်တမံနှင့် ယခုဖွင့်လှစ်သည့် ဖောင်းကတာရေလှောင်တမံတို့သည် ဆည်အစုအဖွဲ့အဖြစ် တည်ရှိနေပြီဖြစ်ကြောင်း။

စိုက်ပျိုးအောင်မြင်

စစ်ကိုင်းတိုင်းသည် စပါး၊ ဝါ၊ ကြံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများပါ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော တိုင်းတစ်ခုဖြစ်သည့်အတွက် နိုင်ငံတော်က စီးပွားရေးအရ အဓိကအားထားရသော တိုင်းတစ်တိုင်းဖြစ်သည့်အပြင် စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရမည်ဟူသော ဆောင်ပုဒ်အတိုင်း ယခုကဲ့သို့ ဖောင်းကတာရေလှောင်တမံ တည်ဆောက်ပေးခြင်းဖြင့် ဆားလင်းကြီးဒေသတွင် စိုက်ပျိုးရေရရှိလာခြင်းကြောင့် စပါးအပါအဝင် သီးနှံများ အောင်အောင်မြင်မြင် စိုက်ပျိုးလာနိုင်ပြီး တောင်သူလယ်သမားကြီးများ၏ ဝင်ငွေတိုးပွား စည်ပင်လာတော့မည်ဖြစ်ကြောင်း။

ဒေသလိုအပ်ချက်အရ ယနေ့ဖွင့်လှစ်လိုက်သော ဖောင်းကတာရေလှောင်တမံသည် စိုက်ပျိုးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးတို့ကို အထောက်အကူပြုပေးမည့် လုပ်ငန်းဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားကြပြီး ရေဝေရေလဲဧရိယာအား အစဉ်ထာဝရ စိမ်းလန်းစိုပြည်ရေးကို ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက် စောင့်ရှောက်ကြရန်နှင့် ဆည်မြောင်းလုပ်ငန်းများကို ဘိုးဘွားပိုင်အမွေအနှစ်များအဖြစ် ချစ်မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ကြပါဟု ပြောကြားသွားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဆားလင်းကြီးမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးတင်အောင်က ဆားလင်းကြီးမြို့နယ်တွင် ဖောင်းကတာရေလှောင်တမံ အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် မင်္ဂလာအချိန်ကျရောက်သည်နှင့် စက်ခလုတ်နှိပ်၍ ဖောင်းကတာရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦးတို့သည် ဖဲကြိုးဖြတ်၍ ဖောင်းကတာ ရေလှောင်တမံကို ဖွင့်လှစ်ပေးကြသည်။

ဖောင်းကတာရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းမှူးနှင့်ဝန်ကြီးတို့အား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က ရေလှောင်တမံ စီမံကိန်းတွင် ပါဝင်သည့် ပင်မတမံ၊ ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်၊ ရေပိုလွှဲနှင့် ဆည်ရေသောက်စနစ် တည်ဆောက်မှုလုပ်ငန်းများနှင့် ဆည်ရေပေးမည့် အစီအစဉ်တို့ကို မြေပုံဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာက ဆည်ရေသောက်ဧရိယာတွင် စပါးတစ်သီးအခြေခံ၍ သီးထပ်သီးနှံ စိုက်ပျိုးမည့် ဒေသနှင့် ကိုက်ညီသော သီးနှံပုံစံကိုလည်းကောင်း၊ စစ်ကိုင်းတိုင်း စက်မှုလယ်ယာဦးစီးဌာနမှူးက ဆည်ရေအကျိုးရှိရှိ အသုံးပြုသီးနှံစိုက်ပျိုးနိုင်ရန် လက်ရှိစိုက်ခင်းများ မြေယာပြုပြင်ပေးမှုကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များနှင့် ဌာနဆိုင်ရာများအား လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားကြရာတွင် ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ဌွေးဦးက ရေလှောင်တမံပြီးစီးသော်လည်း ဆည်ရေပေးဝေ၍ သီးနှံစိုက်ပျိုးရေး၊ စပါးစိုက်ပျိုးဧက တစ်ကွင်းတစ်စပ်ရရှိရေး၊ တောင်သူလယ်သမားများ ဝင်ငွေရရှိအောင် နည်းပညာရပ်များ ပံ့ပိုးကူညီရေး၊ ဆည်ရေလေလွင့်မှု မရှိအောင် စနစ်တကျ အသုံးပြုရေး တို့ကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဒေသဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က ဆည်ရေလှောင်တမံများတည်ဆောက်ပေးခဲ့သဖြင့် တောင်သူလယ်သမားများဆည်ရေဖြင့် သီးထပ်စိုက်ပျိုး ဝင်ငွေတိုးတက်အောင် အာဏာပိုင်အဖွဲ့အစည်းအသီးသီးနှင့်ဌာနဆိုင်ရာများက ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဆည်ရေသောက်စနစ် တူးမြောင်းများပြီးစီးမှုနှင့် ဆည်ရေသောက်ဧရိယာတွင် ယာမြေကွက်များကို လယ်မြေအဖြစ် စက်အင်အားဖြင့် ကန်သင်းကန့် စိုက်ကွက်ဖော်ပေးမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီများအား ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုချမှတ်ပေးကြသည်။

ဖောင်းကတာရေလှောင်တမံသည် နှစ်စဉ်ပျမ်းမျှစီးဝင်ရေဧကပေ ၆၀၀၀ ရှိသည့် ဖောင်းကတာ ချောင်းပေါ်တွင် တမံအလျားပေ ၄၃၇၀၊ တမံအမြင့် ၇၅ပေရှိကာ ကန်ရေလှောင်ပမာဏ ဧကပေ ၇၄၃၀သိုလှောင်နိုင်သည့် ရေလှောင်တမံဖြစ်သည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ အရှယ်အစားမှာအလျား ၁၇၆ပေရှိ၍ အချင်းသုံးပေရှိသည့် သံကူကွန်ကရစ်ပိုက် တပ်ဆင်ထားသည်။ ရေပိုလွှဲမှာ အလျား ၁၃၆၇ ပေ၊ အကျယ်ပေ ၄၀ရှိသည်။ ဆည်ရေသောက်ဧကမှာ ၁၅၀၀ဖြစ်ပြီး ဆားလင်းကြီးမြို့နယ်အတွင်း တည်ဆောက်ပြီးစီးသည့် ဆားလင်းကြီး ရေလှောင်တမံ၊ ငွေသာရေလှောင်တမံတို့ဖြင့် ဆည်အစုအဖွဲ့အဖြစ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးသာမက ဒေသစိမ်းလန်းစိုပြည်ရေးကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

သတင်းမှန်လား၊ အတင်း–အဖျင်း–နယ်ချဲ့အပင်းလား အမျိုးသားရေးမှတ်ကျောက်ပေါ်တင်ကြည့်ပါ

တက္ကသိုလ်မြတ်သူ

လေပြင်းမုန်တိုင်းကို ဆိုင်ကလုံး၊ တိုင်ဖုံး၊ ဟာရီကိန်းစသည်ဖြင့် ဒေသအလိုက် နာမည်ပေးထားကြသည်။ အမေရိကန်အလယ်ပိုင်း၊ မြောက်ပိုင်း စသည်တို့တွင် တိုနေဒိုခေါ် လေဆင်နှာမောင်းတိုက်လေ့ရှိသည်။ အခေါ်အဝေါ် အသုံးအနှုန်းကွဲပြားသော်လည်း ထိုလေပြင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် မြို့၊ ရွာဒေသများ၊ လူနေအိမ်ခြေများ၊ စိုက်ခင်းများ၊ လမ်းပန်းအဆက်အသွယ်များ ပျက်စီးပြတ်တောက်သွားလေ့ရှိသည်။ လူအများသေကျေ၊ ပျောက်ဆုံး၊ ဒဏ်ရာရကြသည်။ ထို့ကြောင့် ဖျက်အားပြင်းသော လေအမျိုးအစားအဖြစ် လေပြင်းမုန်တိုင်းများကို လူသားတို့က မလိုလားကြချေ။

လေဟူသည် အမှန်စင်စစ် နှစ်လိုဖွယ်ဖြစ်သင့်ပေသည်။ လေပြည်လေညင်း၊ လေနုအေးတို့သည် လူတို့ကိုအေးမြလန်းဆန်းစေသည်။ လေညင်းထက်ပို၍ တိုက်အားအသင့်အတင့် ပြင်းသောလေသည်ပင် အဝတ်စိုများ၊ သီးနှံစိုများစသည်တို့ကို ခြောက်သွေ့စေသည်။ ရွက်လှေ၊ ရွက်သင်္ဘောများကို လိုရာရောက်စေနိုင်သည်။ လေတွင်ပါဝင်သော အောက်ဆီဂျင်ဓာတ်သည် လူတို့အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်ပြန်သည်။ ခန္ဓာကိုယ်အတွင်းမှာပင် သွေးလေညီညွတ်မျှတ နေရပေသည်။ လူတို့အားအကျိုးပြုလေ့ရှိသောလေရှိသကဲ့သို့ လူတို့အား ထိခိုက် သေကျေပျက်စီးဆုံးရှုံးစေသော လေပြင်း၊ လေကြမ်း၊ လေမုန်တိုင်းများ ရှိနေသည်ကိုလည်း ခွဲခြားသိနေကြပေသည်။

လေက လူတို့ကို အကျိုးပြုသည့် သာဓကမှာ များပြားလှပေသည်။ အသက်ရှင်သန်ရန် အသက်ရှုနေရခြင်းသည် လေ၏အကျိုးပြုမှုထင်ရှားသော သာဓကဖြစ်ပေသည်။ အစိုများကို ခြောက်သွေ့စေခြင်း၊ ဥတုရာသီတိုင်းထွာခြင်း၊ ခရီးသွားမှုတွင် လေကိုအားပြုရခြင်း၊ လေထုအတွင်းမှ သယံဇာတသဘာဝ ဓာတ်ပစ္စည်းများထုတ်ယူရခြင်း၊ ပူအိုက်မှုကို သက်သာအေးမြစေခြင်း စသည် စသည်ဖြင့် များလှပေသည်။ ရေဒီယိုလေလှိုင်းမှ တေးသံသာများ၊ သတင်းမှန်များ၊ ပညာဗဟုသုတများကို လူတို့လိုလားနှစ်ခြိုက်နားထောင်ကာ စိတ်၏ဖြေဖျော်မှုရသည်။ သတင်းအသိရသည်။ ဗဟုသုတတိုး၍ တွေးခေါ်မြော်မြင်မှု တိုးတက် မြင့်မားရေးကို ထောက်ကူသည်။

ယခုရက်ပိုင်း၊ လပိုင်းနိုင်ငံခြားသတင်းများတွင် လေပြင်းမုန်တိုင်း၊ အပူပိုင်း မုန်တိုင်း၊ ဆိုင်ကလုံး၊ ဟာရီကိန်း၊ တိုင်ဖုံး၊ တိုနေဒိုတို့ တိုက်ခတ်၍ လူသေ၊ ပျောက်ဆုံး၊ ထိခိုက်သတင်း၊ အိုးအိမ်၊ တိုက်တာ၊ စိုက်ခင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်သော စိတ်မချမ်းမြေ့ဖွယ် အနိဋ္ဌာရုံ သတင်းဆိုးများကြားရသည်။ သဘာဝအလျောက်ဖြစ်လာသော မုန်တိုင်းများကို လူတို့မတားနိုင်ကြ။ မလွှဲမရှောင်သာခံနေကြရပေဦးမည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးစေမှု၊ ဖန်လုံအိမ် အာနိသင် အပူဓာတ်တိုးလာစေသည့် ကာဗွန်ထုတ်လုပ်မှုများသော စက်မှုလုပ်ငန်းများမထိန်းချုပ်မှု၊ ချုံကလီးယားလက်နက်များ စမ်းသပ် ဖောက်ခွဲမှုစသည်တို့ကြောင့် ဥတုရာသီ ပျက်ပြားခြင်းများမှာမူ လူ့ပယောဂကြောင့် ဖြစ်ရသဖြင့် ဆင်ခြင်ပြုပြင်အပ်ပေသည်။

လေလှိုင်းကို အသုံးပြုပြီး ရေဒီယိုအသံလွှင့်ခြင်း၊ ရုပ်မြင်သံကြား လွှင့်ထုတ်ခြင်းတို့သည် လူတို့အသုံးပြုသော အကျိုးပြုလေလှိုင်းကို ဖြစ်ပေါ်စေနိုင်သကဲ့သို့ လူသားတို့အကျိုးကို ဖျက်ဆီးဟန့်တားနှောင့်ယှက်နိုင်စွမ်းလည်းရှိပေသည်။ ဤလုပ်ရပ်များမှာ လေထုကို အဆိပ်ခတ်ခြင်း၊ လေလှိုင်းကို မသမာနည်းဖြင့် အသုံးပြုခြင်း၊ ကျူးကျော်ခြင်း၊ အနိဋ္ဌာရုံများ ဖန်တီးခြင်းသာဖြစ်သည်။ သဘာဝအလျောက်ဖြစ်ပေါ်လာသည့် လေပြင်းမုန်တိုင်းဒဏ်ကို လူသားတို့ မလွှဲမရှောင်သာ ခံနေရကြသည်။ လူ့ပယောဂဖြင့် ဖန်တီးလာသော အဖျက်အမှောင့် လေလှိုင်းထဲမှ အဆိပ်များသည် လေပြင်းမုန်တိုင်းထက်ပင် ဆိုးကျိုးပေးတတ်သဖြင့် ဂရုစိုက်အပ်ပေသည်။

ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းစသည့် မီဒီယာများသည် ပညာပေးရန်၊ သတင်းပေးရန်၊ ဖြေဖျော်မှုပေးရန် စတင်ပေါ်ပေါက်လာသော ပစ္စည်းများ ဖြစ်ပေသည်။ အထူးသဖြင့် သတင်းမှန်ပေးရန်နိုင်ငံတကာမှ စေတနာရှင် သတင်းဝါသနာအိုးများ တီထွင်ယူခဲ့သော မီဒီယာများဖြစ်ပေသည်။ သတင်းကို လူတို့အာရုံပြုမိစေရန် အဆို၊ အတီး၊ အက၊ သရုပ်ဆောင်မှု အလှအပများဖြင့် ဆွဲဆောင်ဖြေဖျော်ခဲ့ကြသည်။ သတင်းဖြင့်လည်းကောင်း၊ သုတဖြစ်ဖွယ်များဖြင့်လည်းကောင်း ပညာပေးသည်။ သတင်းအသိပေးသည်။ လူတို့ဉာဏ်ပညာ၊ အတွေးအမြင် မြင့်မားတိုးတက်စေသည်။

“သတင်း”ဟူသော စကားလုံး(ဝေါဟာရ)၏အဓိပ္ပာယ်ကို အဘိဓာန်များ၊ သတင်းစာပညာကျမ်းများ၌ **“မကြာမတင်က ဖြစ်ပွားပြီး လူတို့မသိသေးသော သိရန်လည်းလိုအပ်သည့်ဖြစ်ရပ်မှန်များဖြစ်သည်”** ဟု ဖွင့်ဆိုကြသည်။ မကြာမီက ဖြစ်ပျက်ခဲ့ရမည်၊ လူတို့လည်း မသိကြသေး၊ သိရန်လည်း လိုအပ်သည် စသည့်အချက်များနှင့် ညီညွတ်မှ လူအများသို့ ဖြန့်ချိအသိပေးသင့်သော အကြောင်းအရာ၊ အခြင်းအရာ၊ အဖြစ်အပျက်များသာ သတင်းဖြစ်သည်။ သတင်းကိုဖြန့်ချိရမည်ဆိုရာတွင် နိုင်ငံတကာမူလ သတင်းစာပညာအလိုအရ (၁)ထိုသတင်းသည်မှန်ရမည်။ အတည်ပြုပြီး၊ စိစစ်ပြီးဖြစ်ရမည်။ (၂)အချိန်မီ လူထုထံအမြန်ဆုံးတင်ပြရမည်။ (၃) သတင်းကို သတင်းအတိုင်းမှန်ကန်မျှတစွာ တင်ပြရမည်။ မိမိအာဘော်၊ ဝေဖန်ချက်၊ စေတနာ၊ ဆန္ဒ၊ သဘောထားအမြင်များ သတင်း အဆင့်တွင် မရောယှက်ရ၊ နောက်မှသတင်းဝေဖန်ချက်၊ သတင်းဆောင်းပါး၊ သတင်းနှင့်မှတ်ချက်၊ အယ်ဒီတာ့အာဘော် (သတင်းစာခေါင်းကြီးပိုင်း)တို့ဖြင့် တင်ပြနိုင်သည်။

သတင်းကိုတင်ပြရသောနည်းလမ်း၊ ပညာရပ်၊ အတတ်တို့ကို သတင်းစာပညာ (Journalism)ဟု ခေါ်သည်။ သတင်းသမားများ သတင်းတင်ပြရာ၌ လိုက်နာရသော သတင်းစာ(စာနယ်ဇင်း)ကျင့်ဝတ်နီတိများကို ကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံတို့တွင် ရှေးကရိုးသားဖြူစင်သည့် သတင်းစာဆရာကြီးများက တွေးဆ၊ ဆင်ခြင်၊ မြော်မြင်၊ တိုင်းထွာ သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ သတင်းကို အမှန်အတိုင်း ခိုင်လုံစွာ အတည်ပြု စိစစ်ပြီးမှ ဖော်ပြရမည်။ မိမိအာဘော် သတင်းတွင် မပါစေရ၊ ဘက်မလိုက်ရ၊ ကိုယ်ကျိုးစီးပွား၊ တံစိုးလက်ဆောင်နောက် လိုက်ပါခြင်းမရှိဘဲ မှန်ကန်မျှတစွာ တင်ပြရမည်စသည်တို့ ဖြစ်ပေသည်။ သတင်းဖြန့်ချိသောလုပ်ငန်းများကို နောင်စီးပွားရေး အမြတ်အစွန်းရလိုမှု ဝိသမလောဘများ၊ နိုင်ငံရေးအသွေးအရောင် ပယောဂ လွှမ်းလာသော မသမာဝါဒဖြန့်မှုများ ဝင်ရောက်လွှမ်းမိုးလာသောအခါ မြတ်စွန်းရေးသက်သက်အတွက် ကာမရာဂမြှူဆွယ်သော လုပ်ရပ်များပေါ်လာသည်။ ယင်းကို Yellow Journalism အဝါရောင်သတင်းစာပညာဟု ဆိုကြသည်။ အဖြူရောင်စင်ကြယ်သော သတင်းစာပညာမှ သွေဖည်သွားသည်ဟု ဆိုလို ပေသည်။ သူတစ်ပါး၏ လွတ်လပ်စွာ နေထိုင်မှုကိုချိုးဖောက်ပြီး သူတစ်ပါးကိုယ်ရေးကိုယ်တာများကို ခိုးကြောင် ခိုးဝှက်ဓာတ်ပုံရိုက်၊ သတင်းရေးသူများကို အနောက်နိုင်ငံများတွင် Paparazi ပါပါရာဇီများဟုခေါ်သည်။ အောက်တန်းစား သတင်းဂျပိုး(ကြမ်းပိုး)များဖြစ်သည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်နေသောအရှိန်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအဟုန်တို့ကို ထိုအဖျက်အမှောင့်များက မဟန့်တားနိုင်ပါပေ။ ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေကဲ့သို့သော နယ်ချဲ့မီဒီယာများနှင့် လက်ဝေခံ တစ်ဆင့်ဝါဒဖြန့် ဘေးတီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများသည် ပြည်သူတို့၏ ဘုံရန်သူများသာဖြစ်ကြောင်း ပြည်သူသဘောထားလေးရပ် ပြဒါးချိန်ဖြင့် တိုင်းတာကြည့်ပါကုန်၊ သတင်းမှန်နှင့် အတင်းအဖျင်း၊ အပင်းမှိုင်းတိုက်မှုကို ခွဲခြားရန် အလွန်လွယ်ကူပါသည်။ အမျိုးသားရေးမှတ်ကျောက် တင်ကြည့်ရုံသာ လိုပါသည်။

သတင်းသည်ဖြစ်ရပ်မှန်ကိုဆိုလိုပေသည်။ ယင်းသတင်းမှန်၏ဆန့်ကျင်ဘက်မှာ မုသား၊ လီဆယ်၊ လုပ်ကြံဖန်တီးမှိုင်းတိုက်သော ကောလာဟလများပင် ဖြစ်သည်။ မမှန်သတင်း၊ အမှန်ကိုဖုံးကွယ်၊ အမှားသတင်း၊ လိမ်ညာဖန်တီး သပ်သွင်းသောသတင်းများကို အနက်(အမည်း)ရောင်မှိုင်းမီးခိုးသတင်းများဟု ဆိုရပေမည်။ ယင်းမုသားသတင်းများဖြင့် လူတို့ကို လမ်းမှားပို့ရန် မှိုင်းတိုက်သော သတင်းလုပ်ရပ်များကို အနက် (အမည်း) ရောင် အမှောင်သတင်းစာပညာရပ် (Black Journalism)ဟု ခေါ်တွင်ပေသည်။ သတင်းများ လူတို့အားသိစေသော လုပ်ငန်းကို ပြန်ကြားရေးလုပ်ငန်းရပ် (Information)ဟု ဆိုပေသည်။ သတင်းမှန် မပြန်ကြားဘဲ၊ သတင်းမှားများ ပြန်ကြားလွှင့်ထုတ်ခြင်းကို ပြောင်းပြန်ဖောက်ထိုး ပြန်ကြားရေး Disinformationဟု ခေါ်ကြပေသည်။

မီဒီယာလောကတွင် ဝင်ငွေရရှိသည်။ အောင်မြင်တွင်ကျယ်လေ ဝင်ငွေကောင်းလေဖြစ်သည်။ ကြော်ငြာသည် ဝင်ငွေကို တောင်လိုမောက်စေသည်။ ထို့ကြောင့် အနောက်စာနယ်ဇင်းများတွင် ငွေရှင်ကြေးရှင်သူဌေးကြီးများ ငွေလုံးငွေရင်းဖြင့် ရင်းနှီးမြှုပ်နှံလာကြသည်။ သတင်းစာလက်ဝါးကြီးအုပ် သူဌေးကြီးတစ်ဦး သို့မဟုတ် စုပေါင်းလုပ်ငန်းတစ်ခုလက်တွင် သတင်းစာ၊ ဂျာနယ်၊ သတင်းမဂ္ဂဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားလုပ်ငန်း တစ်ရာ၊ နှစ်ရာစီရှိကြသည်။ ထိုသူဌေးကြီးများက မိမိတို့အဖို့ ငွေစက္ကူလုပ်သောစက် ရရှိထားသလိုပါပဲဟု ပြောလေ့ရှိသည်။

ဒုတိယကမ္ဘာစစ်တွင် ဂျာမနီမှ နာဇီပါတီခေါင်းဆောင် အာဏာရှင်ဟစ်တလာသည် ဗြိတိသျှတို့နှင့် ရေဒီယိုဝါဒဖြန့် စစ်ထိုးခဲ့သည်။ ဟစ်တလာသည် ကလိမ်ကကျစ်နည်းစုံသုံးပြီး ရေဒီယိုလက်နက်သုံးကာ ဗြိတိန်၊ ပြင်သစ်၊ ဒတ်ချ်စသည့် ဥရောပနယ်ချဲ့နိုင်ငံ လက်ဟောင်းကြီးများကို ဝါဒဖြန့်အနိုင်ယူခဲ့သည်။ ဗြိတိသျှတို့ ကျောကော့အောင်ခံခဲ့ရသည်။ သတင်းမှန်ချေဖျက်နည်း၊ သတင်းလိမ်မှိုင်းတိုက်နည်း၊ သတင်းအပင်းသွင်းနည်းများဖြင့် ဥရောပတစ်ခွင် သိမ်းပိုက်နိုင်ခဲ့သော ဟစ်တလာသည် ဆိုဗီယက်နှင့် အမေရိကန်တို့ ပူးပေါင်းတိုက်ခိုက်မှုကြောင့်သာ စစ်ပွဲရှုံးနိမ့်သွား ခဲ့ရသည်။ ဝါဒဖြန့်ကလိမ်အရာမှာ ပါရဂူမြောက်သည်ဟု မှတ်တမ်း တင်ခံခဲ့ရသည်။

ဒုတိယကမ္ဘာစစ်အပြီး အမေရိကန်နှင့် အနောက်ဥရောပတို့ ပူးပေါင်းကာ ဆိုဗီယက်နှင့် အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံများအား စစ်အေးတိုက်ပွဲဆင်နွှဲရာ၌ အနောက်အုပ်စုသည် ဟစ်တလာ၏ ကလိမ်ကကျစ် ဝါဒဖြန့်နည်းများကို ပုံတူကူးကာ ဟစ်တလာ့ခြေရာနင်းလာကြသည်။ စစ်အေးတိုက်ပွဲပြီးသည့်နောက်ပိုင်း အခြားပစ်မှတ်နိုင်ငံများကို ထိုးနှက်ရာ၌ ဟစ်တလာ၏ ဝါဒဖြန့်နည်းများကိုပင် အသုံးပြု လျက်ရှိနေပေသည်။

အမေရိကန်အသံ ဗွီအိုအေအသံလွှင့်ဌာန၊ ဗြိတိသျှ ဘီဘီစီ အသံလွှင့်ဌာနတို့သည် ၁၉၈၈ ခုနှစ်မတိုင်မီ အချိန်အထိ မြန်မာနိုင်ငံကောင်းကြောင်းကိုပင် လွှင့်ထုတ်ခဲ့ကြသေးသည်။ တော်လှန်ရေးကောင်စီ၏ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုပင် ကမ္ဘာကအတုယူရမည့် တောင်သူလယ်သမား ကောင်းစားရေးဝါဒဟု ဘီဘီစီမှ လွှင့်ထုတ်ခဲ့ပုံကို တက္ကသိုလ်စိန်တင်က အိုးဝေဂျာနယ်တွင် ရေးသားတင်ပြခဲ့သေးသည်ကို မှတ်မိနေဆဲဖြစ်သည်။

၁၉၈၈ ခုနှစ် မြန်မာနိုင်ငံတွင် ဆူပူမှုများ ဖြစ်ခဲ့သည်ကို ၎င်းတို့အတွက် အကွက်ပေါ်ပြီဟု ထင်မှတ်မှားကာ ဘီဘီစီ၊ ဗွီအိုအေတို့ ပြောင်းပြန်ဖောက်ထိုး ပြန်ကြားရေး (Disinformation)နည်း၊ အမည်းရောင် သတင်းဖြန့်နည်း (Black Journalism) နည်းများ သုံးလာကြသည်။ ၁၉၈၈ ခုနှစ်အတွင်း လန်ဒန်ဘီဘီစီမှ ခရစ္စတိုဖာဂန်းနက်သည် ဆူပူမှုကိုထိန်းမနိုင်သိမ်းမရဖြစ်အောင် ဆွပေးရန်အတွက် ကလိမ်ကကျစ် တွေ့ဆုံမေးမြန်းခန်းတစ်ခု လုပ်ကြံဖန်တီးလွှင့်ထုတ်ခဲ့ပုံကို သတင်းများ၊ ဆောင်းပါးများ၊ စာအုပ်စာတမ်းများဖြင့် တင်ပြခဲ့ဖူးပါသည်။

၂၈–၇–၈၈ ရက်နေ့တွင် ဘီဘီစီသတင်းထောက် ခရစ္စတိုဖာဂန်းနက်သည် နေမင်း၊ ဌေးအောင်၊ ဌေးကြွယ်၊ ကိုကိုလတ်တို့နှင့်ပေါင်းပြီး ရန်ကုန်ဆေးရုံကြီးတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးအဖြစ် သူနာပြုလုပ်အားပေးနေသည့် ကမာရွတ်မြို့နယ်နေ ကျောင်းသူအေးငြိမ်းသူအားလိမ်လည်လှည့်ဖြားပြီး စမ်းချောင်းသို့ ခေါ်သွားသည်။ ဂန်းနက်နှင့်တွေ့ပေးသည်။ ကိုကိုလတ်တို့က သူတို့ရေးပေးသည့်လမ်းညွှန်အတိုင်း ပြောပြအသံသွင်းပေးပါဟု အတင်းအကျပ်ခိုင်းကြသည်။ အေးငြိမ်းသူကလည်း တံလျှပ်ကိုရေထင်ပြီး မိမိမှာ ကျောင်းသူ၊ အဖမ်းခံရ၍ အင်းစိန်ထောင်ထဲရောက် ထောင်ဝန်ထမ်းတို့က မိမိနှင့်အခြားကျောင်းသူများကို အဓမ္မပြုကျင့်သည်ဟု မဟုတ်မမှန် လုပ်ကြံပြီး ဘီဘီစီအလိုကျ ပြောပေးလိုက်သည်။ ၆–၈–၈၈ ရက် ညပိုင်းတွင် ထိုတွေ့ဆုံမေးမြန်းခန်းကို ဘီဘီစီက လွှင့်ထုတ်ခဲ့သည်။ အရေးအခင်းကာလ ပြီးဆုံးသွားပြီးနောက်ပိုင်းကျမှ အေးငြိမ်းသူကိုယ်တိုင်က သူ့လက်ရေးဖြင့် ဂန်းနက်နှင့် ကိုကိုလတ်တို့ ခိုင်းသည့်အတိုင်း လုပ်ကြံပြောခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိထောင်ထဲ လည်းမရောက်၊ အဓမ္မပြုကျင့်ခြင်းလည်းမခံရပါကြောင်းဖြင့် ဖြစ်ရပ်မှန်ကို စာရေးတင်ပြတောင်းပန်လာခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒

ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်း တောင်သာစွပ်ကျယ်စက်ရုံ(စီမံကိန်း) ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၇ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် မြေဖြူကုန်းကျေးရွာ ကျောင်းတိုက်ဝင်းအတွင်းကျင်းပသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်း "မေတ္တာရင်ခွင် ကျောင်းဆောင်သစ်"ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ထို့နောက် တည်ဆောက်ဆဲ "မုဒိတာရင်ခွင် ကျောင်းဆောင်သစ်" တည်ဆောက်ရေးအတွက်စေတနာရှင်များ လှူဒါန်းသော အလှူငွေကျပ် ၁၆သိန်းကို အလှူရှင်များကိုယ်စား မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အား ပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း)စီမံကိန်းမှူး ဦးတင်ရွှေက ပေးအပ်ရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လက်ခံယူသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ ဇနီးနှင့် မိသားစုက ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းဆောင်သစ် တည်ဆောက် ရန် အလှူငွေကျပ်ငါးသိန်းကို ကျောင်း အကျိုးတော်ဆောင်အဖွဲ့သို့ ပေးအပ် လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ဝန်ကြီးဦးအောင်သောင်းသည် နံနက် ၈နာရီ ၄၅မိနစ်တွင် မန္တလေးတိုင်း တောင်သာမြို့နယ် တောင်သာမှ မြင်းခြံသို့သွားသည့် ကားလမ်းဘေး သဖန်းပင်တောကွင်းနှင့် မြောက်ရွာကွင်းနေရာ မြေဧရိယာ ၆၁ ဒသမ ၁၉ ဧကပေါ်၌ မြန်မာ့အထည်အလိပ် လုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောတောင်သာစွပ်ကျယ်စက်ရုံ (စီမံကိန်း)ရှင်းလင်းဆောင်သို့ရောက်ရှိသည်။

ထို့နောက် ဝန်ကြီးသည် တည်ဆောက်ပြီးဖြစ်နေသည့်ပေ၂၄၀xပေ၈၀ရှိ စက်ထိုးထည်အလုပ်ရုံ၊ပေ၂၄၀xပေ၁၆၀ရှိအချောကိုင်အလုပ်ရုံ၊ပေ၂၄၀xပေ၁၂၀ ရှိ အထည်ချုပ်အလုပ်ရုံနှင့် ဆက်စပ် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

မြန်မာ့အထည်အလိပ် လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော တောင်သာ စွပ်ကျယ်စက်ရုံ (စီမံကိန်း) စက်ရုံ ပြီးစီးပါက အတွင်းခံ အဝတ်ထည်စွပ်ကျယ်၊ တီရှပ်နှင့် စပို့ရှပ်များ တစ်နှစ်လျှင် အထည်ပေါင်းနှစ်သန်းထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် နံနက် ၉ နာရီတွင် တောင်သာမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သော ဒသမအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများချီးမြှင့်သည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အကောင်အထည်ဖော်လျက်ရှိသည့် တောင်သာ စွပ်ကျယ်စက်ရုံ(စီမံကိန်း)၏ တည်ဆောက်ပြီးစီးသည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

မိုးမိတ်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဩဂုတ် ၂၉

မိုးမိတ်မြို့နယ်အသင်း၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို စက်တင်ဘာ ၄ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက် မင်းလမ်း အမှတ်(၉၀)ရှိ သာသနာရာမိကကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ (က-ပ)

ကွယ်လွန်သူ ဗိုလ်မှူးကြီးတင်ကြီး(ငြိမ်း) သုံးနှစ်ပြည့်အားရည်စူး၍ ဗဟန်းမြို့နယ် ကမ္ဘောဇလမ်း ရွှေတောင်ကြားနေ ဇနီး ဆရာမကြီး ဒေါ်ခင်နွဲ့နွဲ့ မိသားစုက အေးချမ်းအောင်မြင်အုတ်ခွက်ဘုရား ဆွမ်းစားကျောင်းဆောင်အတွက် ငွေကျပ် ၃၅၀၀၀၀ လှူဒါန်းစဉ်။ (က-ပ)

အမျိုးသားပတ်ဝန်းကျင် ထိန်းသိမ်းရေး တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ကြီးမှူး၍ အာရှဖွံ့ဖြိုးရေးဘဏ်၏ ပူးပေါင်းပါဝင်မှုဖြင့် အမျိုးသားပတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်ရွက်မှု လေ့လာဆန်းစစ်သုံးသပ်ခြင်းနှင့် မဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာ ဖော်ထုတ်ခြင်းစီမံကိန်း၏ တတိယအကြိမ်မြောက် အမျိုးသားအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန သစ်တောရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး ကိုယ်စား ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် အာရှနှင့် ပစိဖိတ်ဒေသ သတင်းအချက်အလက်ဗဟိုဌာနမှ အကြီးတန်း အစီအစဉ်ကျွမ်းကျင်သူ ဦးတင်အောင်မိုးတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲပထမနေ့ အစီအစဉ်ကို ညနေ ၅နာရီခွဲတွင် ရုပ်သိမ်းလိုက်ပြီး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၃၀ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

❒ စာမျက်နှာ (၆) ဆောင်းပါးမှအဆက်

အခြားသာဓကေ အများအပြားလည်းရှိပါသည်။ ဘီဘီစီ၊ ဗွီအိုအေ၊ ယနေ့နောက်တိုး ပြည်ပြေး အသံလွှင့်ဌာန (အနောက်ကပင် တည်ထောင်ပေးထားသော) အာရ်အက်ဖ်အေ၊ ဒီဗွီဘီတို့ကလည်း ယနေ့တိုင် အေးချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည့် စစ်မှန် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ မြန်မာနိုင်ငံတော်သစ်ကြီး တည်ဆောက်ရန် ရှေ့လုပ်ငန်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော် ကြိုးပမ်းနေသည့် မြန်မာနိုင်ငံကို နေ့၊ ညဆက်တိုက် မမှန်သတင်း၊ ကောလာဟလများဖြင့် မှိုင်းတိုက် နှောင့်ယှက်နေသော Propaganda Sabotage ဝါဒဖြန့် အဖျက်လုပ်ရပ်များ လုပ်နေသည်ကို တွေ့နေရသည်။

ဘီဘီစီ၊ အာရ်အက်ဖ်အေ၊ ဗွီအိုအေ၊ ရေဒီယိုဖရီးယူရုပ် (လွတ်လပ်သောဥရောပ ရေဒီယို RFE)၊ ရေဒီယိုလစ်ဘာတီ၊ ရေဒီယိုဟိုဆေမာတီ၊ ရေဒီယိုဆွမ်း၊ တီဗွီမာတီ စသည်တို့မှာ အနောက်ကိုလိုနီလက်သစ်ဝါဒီတို့က ငွေကြေးစိုက်ထုတ်ပံ့အောကာ ယင်းတို့၏ ပစ်မှတ်နိုင်ငံများမှ ပြည်ပြေးများ၊ ဝရမ်းပြေးများကို ဒီမိုကရေစီရေးလှုပ်ရှားသူဟု တံဆိပ်တုကပ် ခန့်ထားလျက် ကိုယ့်နိုင်ငံကိုယ် ပြန်စော်ကားခိုင်းနေပေသည်။ နယ်ချဲ့သြဇာခံဖြစ်နေသော ထိုပြည်ပြေးများသည် ပက်လက်လှန်အိပ်ပြီး တံတွေးထွေးနေသူများဖြစ်နေကာ ကိုယ့်မျက်နှာပေါ်ကိုယ့်တံတွေးပြန်ကျနေသည်ကိုပင် ပီတိဖြစ်နေကြပေသည်။

ဘီဘီစီ၏ ဩဂုတ် ၂၃ ရက်ည လုပ်ရပ်မှာ သိက္ခာမဲ့လွန်းလှသည်။ ထိုနေ့ည ဘီဘီစီညပိုင်းသတင်းတွင် နိုင်ငံတော်အကြီးအကဲနှင့်နိုင်ငံတော်နှင့်ပတ်သက်၍ မဟုတ်မမှန်လုပ်ကြံထားသော သတင်းတစ်ပုဒ်ကို လွှင့်ထုတ်သွားသည်။ စင်စစ်ထိုသတင်းသည် လုံးဝမမှန်၊ အမှားသက်သက်ကိုတမင်ရည်ရွယ်လွှင့်ထုတ်ထိုးဆွ၊ ဘေးတီး၊ ထိုးနှက်လိုက်ခြင်းဖြစ်သည်။ ထိုသတင်းကိုနယ်စပ်တစ်နေရာမှရသည်ဟုဆိုသည်။ အခြေအမြစ်မရှိ။ အထောက်အထားမပါ၊ အတည်ပြုချက်မယူဘဲ တမင်ရည်ရွယ်ချက်ဖြင့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခု၏ပြည်တွင်းရေးကို စွက်ဖက်နှောင့်ယှက်လိုက်ခြင်းသာဖြစ်သည်။

ပြည်တွင်းမှ ဘီဘီစီ၏ဒလန်များကချက်ချင်းဆိုသလိုပင် မိနစ်စက္ကန့်မဆိုင်းဘဲ လက်ဆင့်ကမ်းပြီး ဝါဒဖြန့်ပေးကြသည်။ ထိုသတင်းသည် နေ့ချင်းညချင်း ရန်ကုန်နှင့် နယ်မြို့များအထိပြန့်သွားသည်။ ဟစ်တလာနည်း၊ ရှစ်လေးလုံးဗျူဟာဖြင့် အကွက်ချ ဘေးတီးလိုက်ခြင်းဖြစ်သည်။ ဩဂုတ် ၂၄ ရက်ညတွင်မူ ဘီဘီစီကမလျှော့သေး၊ ထိုသတင်းအတည်ပြုနေ ရဆဲဖြစ်ကြောင်း၊ မီးခိုးထွက်တယ်ဆိုတာမီးလောင်မှသာ ထွက်ကြောင်း ပြောကြားသွားပြန်သည်။ မီးတကယ်လောင်လျှင် မီးခိုးထွက်လာမည်ဖြစ်သည်။ ယခုသတင်းတွင် မီးခိုးမထွက်ပါ။ မီးမှမလောင်ဘဲကိုး။ လေပုပ်ထုတ်အခိုးအငွေ့ ထွက်လာကောင်းထွက်လာပေမည်။ ဘီဘီစီကိုယ်နှိုက်က လေပုပ်ချည်းထုတ်နေသောကြောင့်ဖြစ်သည်။ ဘီဘီစီအနေဖြင့် ထိုကိစ္စသည် မှားယွင်းသွားပါသည်ဟု မီဒီယာကျင့်ဝတ်နှင့်အညီ ဖြေရှင်းပေးသင့်သည်။ တောင်းပန်ဝန်ချရမည်သာဖြစ်သည်။ ဩဂုတ် ၂၅ ရက်ည ဗွီအိုအေသတင်း၌ ဘီဘီစီသတင်းကြောင့် ရွှေဈေး၊ ဒေါ်လာလဲလှယ်နှုန်းနှင့် အခြားကုန်ဈေးနှုန်းများ တက်သွားသည်ဟု လွှင့်သွားသည်။

ဝိသမလောဘသမားကုန်သည်များကလည်း ဘီဘီစီကဲ့သို့ နယ်ချဲ့လက်အောက်ခံဝါဒဖြန့် ပါးစပ်ပေါက်များအလိုကျ မဆီမဆိုင်ရွှေဈေး၊ ဆန်ဈေး၊ ဆီဈေးတက်ပစ်သည်။ ထိုသတင်းမမှန်ကြောင်း၊ သေချာစွာသိသောအခါ ထိုတက်ယူသောဈေးနှုန်းကို ပြန်ချမပေး။ ဤသည်မှာ ကိုလိုနီလက်သစ်ဝါဒီတို့၏ဇာတ်ညွှန်းအတိုင်းလိုက်ပါသရုပ်ဆောင်မိနေကြခြင်းဖြစ်သည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူဒုက္ခရောက်စေပြီး ပြည်ပအဖျက်သမားများ ဝမ်းသာပီတိဖြစ်စေသော အနေအထားဖြစ်သည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်နေသောအရှိန်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအဟုန်တို့ကို ထိုအဖျက်အမှောင့်များက မဟန့်တားနိုင်ပါပေ။ ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေကဲ့သို့သော နယ်ချဲ့မီဒီယာများနှင့် လက်ဝေခံတစ်ဆင့် ဝါဒဖြန့်ဘေးတီးနေသော ပြည်တွင်းပြည်ပအဖျက်သမားများသည် ပြည်သူတို့၏ဘုံရန်သူများသာဖြစ်ကြောင်း ပြည်သူ့သဘောထား(၄)ရပ် ပြဒါးချိန်ဖြင့် တိုင်းတာကြည့်ပါကုန်၊ သတင်းမှန်နှင့်၊ အတင်းအဖျင်း၊ အပင်းမှိုင်းတိုက်မှုကို ခွဲခြားရန်အလွန်လွယ်ကူပါသည်။ အမျိုးသားရေးမှတ်ကျောက် တင်ကြည့်ရုံသာ လိုပါသည်။ ပြည်တွင်းပြည်ပအဖျက်သမားများ ဖော်စပ်ထားသောလူလုပ်လေပြင်း အဖျက်မုန်တိုင်းကြောင့်တော့ မိမိတို့ကိုယ်ကို မိမိတို့ အထိခိုက်မခံကြပါနှင့်၊ ဝိသမလောဘသမားများကလည်း ရောယိမ်းလိုက် ဘသားယိမ်းလိုက် လုပ်ကာ စားသုံးသူများအပေါ် အမြတ်ထုတ် ကုပ်သွေးမစုပ်ကြပါနှင့်ဟူ၍ တင်ပြလိုက်ပါရစေ။ ။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၉-၈-၂၀၀၅

မောင်တော	-	၂ဒသမ ၆၀လက်မ
တောင်ငူ	-	၂ဒသမ ၃၂လက်မ
ဟုမ္မလင်း	-	၁ဒသမ ၄၉လက်မ
သံတွဲနှင့်ဂွ	-	၁ဒသမ ၃၈လက်မ
မိုးကုတ်	-	၁ဒသမ ၃၀လက်မ
ကျောက်တော်	-	၁ဒသမ ၁၀လက်မ
ခရမ်း	-	၁ဒသမ ၁၀လက်မ
ရွှေဘို	-	၀ဒသမ ၂၄လက်မ

သာကေတမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ၂၀၀၅-၂၀၀၆ မိဘဆရာအသင်း နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၈ ရက်က ကျင်းပရာ ဒုတိယတန်းမှ ပထမဆုရရှိသော မောင်ခန့်မင်းဖြိုးအား ကျောင်းအုပ်ဆရာမကြီးက ဆုချီးမြှင့်စဉ်။ (က-ပ)

ပြည်သူအများ စွမ်းရည်ပြည့်ဝအောင်၊ ပညာရည်မြင့်မားအောင်၊ ကျန်းမာရေးကြံ့ခိုင်ကောင်းမွန်အောင် ဆက်လ
နိုင်ငံတော်၏ အနာဂတ်လိုအပ်ချက်များနှင့် လိုက်လျောညီထွေစွာ ယနေ့လူငယ်များကို ကြိုတင်လေ့

❀ ရှေ့ဖုံးမှ

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စည်ပင်ဝပြောရေးအတွက် မြန်မာတစ်မျိုးသားလုံး ဝိုင်းဝန်းကြိုးပမ်းပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် ကိုယ့်နိုင်ငံကိုယ် တည်ဆောက်နေသည့် ယနေ့အချိန်အခါတွင် အမျိုးသားပညာရည် မြင့်မားမှုစွမ်းအား ပြည့်ဝခိုင်မာနေစေရန် အထူးလိုအပ်သည်ဆိုသည်ကို ဆရာ၊ ဆရာမများအားလုံးက အလေးအနက်ခံယူထားပြီးဖြစ်မည်ဟု ယုံကြည်ထားကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း အမျိုးသားပညာရည်မြင့်မားရေးတွင် ဆရာ၊ ဆရာမများ၏ အရေးပါသည့်အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး ယခုကဲ့သို့ ဆရာ၊ ဆရာမများအတွက် အထူးမွမ်းမံသင်တန်းများကို အလေးထား ဖွင့်လှစ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများအားလုံး စိတ်ဓာတ်ရေးရာမြင့်မားခိုင်ကျည်စေရန်၊ နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ အနာဂတ်မျှော်မှန်းချက်နှင့် အလားအလာများ၊ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို သိရှိနားလည်စေရန်၊ အတွေ့အကြုံ အသိအမြင် ဗဟုသုတပွားများစေပြီး မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားကာကွယ်စောင့်ရှောက်မြှင့်တင်ရေးအတွက် ဆင်ခြင်တုံတရားနှင့် နှိုင်းဆချင့်ချိန်သုံးသပ်ဆောင်ရွက်နိုင်ရန်အပြင် နိုင်ငံတကာအဆင့်မီ ပညာသင်ကြားရေးကို အထောက်အကူဖြစ်စေမည့် သင်ကြားမှု သင်ယူမှုနည်းစနစ်များကို ကျွမ်းဝင်တတ်မြောက်စေရန်ဆိုသည့် မြင့်မားသော ရည်မှန်းချက်များထားရှိပြီး ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများကို ဖွင့်လှစ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

အကျိုးတရားပွားများ

ထို့ကြောင့် ဤအထူးမွမ်းမံသင်တန်းများသည် ဆရာ၊ ဆရာမများ၏ ပင်ကိုရှိရင်းစွဲ အတွေ့အကြုံဗဟုသုတ၊ စွမ်းဆောင်မှုအရည်အသွေးနှင့် စိတ်ဓာတ်တို့ကို ပိုမိုတောက်ပြောင်ထက်မြက် မြင့်မားလာစေမည်ဖြစ်၍ ဆရာ၊ ဆရာမများအတွက်ရော မိမိတို့၏ တပည့် ကျောင်းသူ၊ ကျောင်းသားများအတွက်ပါမက နိုင်ငံတော်အတွက်ပါ အလွန်တရာ အကျိုးတရား ပွားများစေမည်ဖြစ်သည်ဟု ခံယူထားကြရန် ပထမဦးစွာ ပြောကြားလိုကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် တစ်နေ့တခြား ပိုမိုကျယ်ဝန်း နက်ရှိုင်းလာနေသည့် ပညာရေးကဏ္ဍ၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက်သာမက အခြေအနေ အချိန်အခါအရပ်ရပ်တွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်ရေးအတွက်ပါ ရည်မှန်းပြီး ဤသင်တန်းကပေးလာမည့် ပညာဉာဏ်အတွေ့အကြုံဗဟုသုတတို့ကို အပြည့်အဝရရှိစေရအောင် ကြိုးစားလေ့လာသွားကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

ဦးတည်ချက်ချမှတ်

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာ့အလယ်၌ တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား ရင်ပေါင်တန်း ရပ်တည်နိုင်စေရေးအတွက် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာပြီး နိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရအောင်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်အကျိုးရလဒ်ကောင်းများကို မိမိနိုင်ငံသူ၊ နိုင်ငံသားအားလုံး စိတ်အေးချမ်းမြေ့စွာ ရရှိခံစားစေပြီး လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရအောင်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ကိုယ်ပိုင်ရှင်သန်ရပ်တည်ခွင့် အခွင့်အရေးများနှင့်အညီ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကိုယ့်အားကိုယ်ကိုး ရိုးသားစွာကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း နည်းပညာအရ၊ ဓနအင်အားအရ များစွာအသာစီးရရှိနေသော နိုင်ငံကြီးအချို့၏ နှောင့်ယှက်ဟန့်တားမှု၊ ဖိအားပေးအကျပ်ကိုင်မှု၊ မိမိတို့နိုင်ငံအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်ရန် ကြိုးစားလုပ်ဆောင်မှုများကို မလိုအပ်ဘဲ ရင်ဆိုင်နေရသည့် အခြေအနေများဖြင့် ကြုံတွေ့နေရသည်ကို ဆရာ၊ ဆရာမများအသိပင်ဖြစ်ကြောင်း။

ရင်ဆိုင်ဖြေရှင်းနေရ

ယနေ့ နိုင်ငံတကာမျက်နှာစာကိုကြည့်လျှင်လည်း သိပ္ပံနှင့်နည်းပညာရပ်များ၏ တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲမှုများက ဆောင်ကြဉ်းလာနေသော နည်းပညာကွာဟမှု၊ ဓနအင်အားကွာခြားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်း မညီမျှမှုများနှင့်အတူ ဤမညီမျှမှုများကို အခွင့်ကောင်းယူအသုံးချပြီး ကွာဟမှုပိုမိုကျယ်ပြန့်နက်ရှိုင်းလာအောင် ဖန်တီးရင်း မိမိတို့၏ ဩဇာအာဏာလောင်းရိပ်ကို ချဲ့ထွင်ထူထောင်နေကြသည့် နိုင်ငံကြီးအချို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ကိုယ့်အားကိုယ်ကိုး ရိုးသားစွာ ကြိုးပမ်းဆောင်ရွက်နေကြသော ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ မမျှတမှုများ၊ တမင်ဖန်တီးထားသည့် အကျပ်အတည်းများကို တိုး၍တိုး၍ ရင်ဆိုင်ဖြေရှင်းနေရလျက် ရှိနေကြောင်း။

ထို့အပြင် ယနေ့ နိုင်ငံတကာတွင် အယူဝါဒရေးရာ ပဋိပက္ခဖြစ်မှုများ၊ နိုင်ငံရေး၊ စီးပွားရေးဖက်ပြိုင်မှုများ၊ နိုင်ငံကြီးအချို့၏ မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကာကွယ်စောင့်ရှောက်မှုကို တိုင်းပြည်နယ်နိမိတ်ပြင်ပသို့ ဆန့်ထုတ်ဖြေရှင်းမှုများက တစ်ဆင့်ပေါက်ပွားလာသည့် အလွန်တရာ နက်ရှိုင်းသိမ်မွေ့ပြီး တစ်ကမ္ဘာလုံးကို လွှမ်းခြုံရိုက်ခတ်နေသော ဂယက်လှိုင်းအဆင့်ဆင့်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲ နိုင်ငံများအပေါ် မလိုအပ်သည့် စိန်ခေါ်မှုအသစ်များ၊ မရှိသင့်သည့် အကန့်အသတ်များကို ဖြစ်ပေါ်စေလျက်ရှိကြောင်း။

ယင်းကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် မိမိနိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ အသိအမြင် အတွေးအခေါ် ကြွယ်ဝမှု၊ ဆင်ခြင်တုံတရားနှင့် ပြည့်ဝမှု၊ တိုင်းချစ်ပြည်ချစ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှုတို့ ပေါင်းစည်းထားသည့် အမျိုးသားရေးစွမ်းအားကို အခိုင်အမာ တည်ဆောက်ထားနိုင်မှသာ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို နိုင်ငံတကာမျက်နှာစာ၌ တည့်မတ်ခိုင်ကျည်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း။

အကျိုးစတင်ခံစားရ

အမှန်တကယ်တော့ မိမိတို့မြန်မာနိုင်ငံတော်သည် အလွန်ကြမ်းတမ်းခက်ထန်သော သမိုင်းကြောင်းကို ရာစုနှစ်တစ်စုနှင့် တစ်ဝက်ကျော်၊ တစ်နည်းအားဖြင့် နှစ်ပေါင်း ၁၅၀ခန့် ဖြတ်သန်းခဲ့ရပြီး မကြာလှသေးသည့် ဆယ်စုနှစ်တစ်နှစ်ကျော်ကာလကမှ တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို စတင်ခံစားလာခဲ့ရသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

ယနေ့ထက်တိုင်လည်း နိုင်ငံတော်ကြီးသည် ကိုလိုနီနယ်ချဲ့လက်အောက်သူ့ကျွန်ဘဝ၏ ဆိုးမွေများ၊ ပါလီမန်ခေတ်ကာလ၏ အယူဝါဒရေး၊ ပုဂ္ဂိုလ်ရေး၊ တစ်ယူသန်လူမျိုးရေး အစွဲအလမ်းများက ပေါက်ပွားလာသော စိတ်ဝမ်းကွဲပြားမှု၊ ဆူပူဆန္ဒပြမှု၊ လက်နက်ကိုင်ဆန့်ကျင်မှု အနိဋ္ဌာရုံများက လုံးဝဥဿုံ မလွတ်ကင်းနိုင်သေးဘဲ ဤအနိဋ္ဌာရုံဆိုးမွေများ လုံးဝချုပ်ငြိမ်းပပျောက်သွားစေရအောင် ကြိုးစားဆောင်ရွက်နေရဆဲ အခြေအနေမှာပင် ရှိပါသေးကြောင်း။

ယင်းကဲ့သို့ အခြေအနေမျိုးတွင် မိမိတို့နိုင်ငံအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်နိုင်ရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားအောင်၊ ပြည်ထောင်စုကြီး ချည့်နဲ့ပြိုကွဲအောင် သွေးထိုးသပ်လျှိုလှုံ့ဆော်မှုများ လုပ်ဆောင်ပြီး သူ့ကျွန်ဘဝ၏ အနိဋ္ဌာရုံဆိုးမွေများ ပြန်လည်ပေါက်ပွားလာအောင်၊ လွတ်လပ်ရေးရပြီးစအခြေအနေမျိုး ပြန်လည်ဆိုက်ရောက်အောင် ဖန်တီးလုပ်ဆောင်မှုများကိုလည်း ရင်ဆိုင်တွန်းလှန်နေရဆဲပင်ဖြစ်ကြောင်း။

အရှိန်အဟုန်မပျက်

မိမိတို့ တပ်မတော်အစိုးရသည် နိုင်ငံ၏တာဝန် ရယူခဲ့ရချိန်ကစပြီး တိုင်းရင်းသား လက်နက်ကိုင်ဆန့်ကျင်မှု ပြဿနာများ၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုဆိုးမွေများ၊ နိုင်ငံဖွံ့ဖြိုးမှု နောက်ကျကျန်နေခဲ့သည့် အခြေအနေများ၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် အခြေခံအဆောက်အအုံများ ချို့တဲ့နေမှုပြဿနာများ စသည့် ပြဿနာပေါင်းစုံကို တစ်ပြိုင်နက်တည်း ဖြန့်ကြက်ဖြေရှင်းရင်း နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံသူ၊ နိုင်ငံသားများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်းများ တိုးတက်မြင့်မားအောင် နေ့ညမနားမနေ အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့ရသည်ကို ယနေ့ကာလတိုင် တစ်ချက်ကလေးမှ အရှိန်အဟုန်မပျက်ခဲ့ဘူးဆိုသည်ကို အားလုံးမျက်မြင် ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

ယင်းကဲ့သို့ မိမိတို့ တပ်မတော်အစိုးရ၏ ပြည်သူများအကျိုး၊ အမျိုးသားရေးအကျိုး မနေမနား ဖြန့်ကြက်ထမ်းဆောင်လျက်ရှိနေမှုနှင့် ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၀၅ခုနှစ် ညီလာခံတွင် လမ်းညွှန်ဩဝါဒစကား မိန့်ကြားရာ၌ ထည့်သွင်းမိန့်ကြားခဲ့ခြင်းရှိပါကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"နိုင်ငံတော်ကို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရတဲ့ ခေတ်ပြောင်း၊ စနစ်ပြောင်းလုပ်ငန်းဟာ ကြီးမားကျယ်ပြန့်ပြီး စနစ်ကျစွာ တစ်ဆင့်ပြီးတစ်ဆင့်လုပ်ရမယ့် တာဝန်ကြီးတစ်ရပ်ဖြစ်တယ်"

"နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင်နဲ့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုရရှိအောင် ဆောင်ရွက်ရင်း နိုင်ငံတော်ရဲ့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကိုလဲ တည်ဆောက်ရတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ လူသားအရင်းအမြစ်တွေကို မွေးထုတ်ပေးရသလို တစ်မျိုးသားလုံးပညာရည်မြင့်မားရေးကိုလဲ ဆောင်ရွက်ရတယ်။ နိုင်ငံသားအားလုံး တစ်ဦးချင်း ဝင်ငွေမြင့်မားရေး၊ လူနေမှုဘဝမြင့်မားရေးနဲ့ ကျန်းမာကြံ့ခိုင်ရေးတို့ကိုလဲ ဆောင်ရွက်လျက်ရှိတယ်။"

ဟုမိန့်ကြားခဲ့ကြောင်း။

အစီအရီတိုးပွား

နိုင်ငံတော်အကြီးအကဲ မိန့်ကြားခဲ့သကဲ့သို့ နိုင်ငံတော်ကြီးကို အခြေခံခိုင်ခိုင်မာမာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘက်စုံကဏ္ဍစုံတွင် ရည်မှန်းချက်ရှိရှိဖြင့် စနစ်တကျဖြန့်ကြက်ပြီး ကြိုးပမ်းတည်ဆောက် မြှင့်တင်ပေးလျက်ရှိသည့်အတွက် ယနေ့ဆိုလျှင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းအားလုံး၌ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ အစီအရီ တိုးပွားဖြစ်ထွန်းနေပြီဖြစ်သကဲ့သို့ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းများကို အခြေခံသော စီးပွားရေးအခြေခံကောင်းများလည်း ဖြစ်ထွန်းခိုင်မာနေပြီဖြစ်ကြောင်း။

ထို့အပြင် တိုင်းရင်းသား ညီအစ်ကိုသွေးချင်းများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုရင့်သန်ခိုင်မာလျက်ရှိသည်သာမက ပြည်သူအများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်းများသည်လည်း ရည်မှန်းချက်နှင့်အညီ တိုးတက်မြင့်မားနေပြီဖြစ်ကြောင်း၊ ယခုဆိုလျှင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတို့တွင် ခေတ်မီနည်းပညာများ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်နေပြီဖြစ်သည့်အတွက် ခေတ်မီဖွံ့ဖြိုး

တိုးတက်မှုခြေလှမ်းများကို စတင်လျှောက်
ဝင့်ကြွားဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း

ပိတ်ဆို့ဟန့်တ

အဘက်ဘက်က ပိတ်ဆို့ဟန့်တား
ယခုကဲ့သို့ ကိုယ့်အားကိုယ့်မာန်ဖြင့် နိုင်ငံ
တိုးတက်နေစေရအောင် စွမ်းဆောင်နိုင်လျက်
အတူ ဆရာ၊ ဆရာမများအပါအဝင် ပြည်သူ
စွမ်းဆောင်မှုများကြောင့်ဖြစ်သည်ဆိုသည်ကို
ထို့ကြောင့် ရရှိဖြစ်ထွန်းနေပြီဖြစ်သ
ညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကော
ရန်အတွက် ပြည်သူအများ စွမ်းရည်ပြည့်ဝ
ကျန်းမာရေးကြံ့ခိုင်ကောင်းမွန်အောင် ဆက်
လိုသကဲ့သို့ အမျိုးသားရေးစွမ်းအား ခါးဆက်
တစ်ခေတ် ပိုမိုစွမ်းအားထက်မြက်မြင့်မား
ပညာရေးကဏ္ဍက လေ့ကျင့်ပျိုးထောင်ပေး
နိုင်ငံတော်၏ အနာဂတ် လိုအပ်ချ
ယနေ့လူငယ်များကို ကြိုတင်လေ့ကျင့် ပုံဖော်
အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်
စွမ်းရည်၊ စိတ်ဓာတ်နှင့် အသိပညာ၊
နိုင်ငံတော်၏ အနာဂတ်သည်လည်း အမျိ
အညီ တည်ငြိမ်ခိုင်မာစွာ ဖြစ်ထွန်းလာမ

အမျိုးသားရေး

ထို့ကြောင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်
အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအ
ဖွံ့ဖြိုးတိုးတက်လာစေရအောင်၊ သိပ္ပံနှင့်နည်း
ပြန့်ပွားလာစေရအောင်၊ သိပ္ပံနှင့်နည်းပ
အမျိုးသားရေး အကျိုးစီးပွားဖော်ဆောင်ရာ
ပြုနိုင်စေရအောင် ဆရာ၊ ဆရာမများအားလုံ
အဖြစ် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်
လိုကြောင်း။

အမျိုးသားပညာရည် မြင့်မားရေး
အခြေခံပညာကဏ္ဍ၌ စတင်ချမှတ် အကော
ပညာရေးမြှင့်တင်မှု အစီအစဉ်အဆင့်ဆင့်
အဆင့်မြင့်ပညာကဏ္ဍတို့ ချိတ်ဆက်ပြီး ၂
အမျိုးသားပညာရည်မြင့်မားရေး အထူး(၄)
စီမံကိန်း၏ ဒုတိယနှစ်ကစတင်ပြီး ပေါင်းစပ်
ခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး အ
စီမံကိန်းအဆင့်ဆင့်တွင် ၎င်းအဆင့်အလိုက်
အညီ အောင်မြင်စွာ အကောင်အထည်ဖော်
ပညာနှင့် တက္ကသိုလ်၊ ကောလိပ် ဆရာ၊
များ၊ ပညာရှင်ကြီးများ၊ ပညာရေးစီမံခန့်ခွဲသူ
များ၊ မိဘပြည်သူများ၏ ပူးပေါင်းလက်တွဲ
အားရကျေနပ်ဖွယ် ဖြစ်ထွန်းလာခဲ့သည်ကို
အထူးသဖြင့် အမျိုးသားပညာရည်မြ
စီမံကိန်း၏ အခြေခံပညာကဏ္ဍ လုပ်ငန်း

– **နိုင်ငံသားတိုင်း အခြေခံပညာအ**
– **အခြေခံပညာ အရည်အသွေးမြ**
– **ခေတ်မီဆက်သွယ်ပို့ချမှုနှင့်**
သင်ယူမှု အခွင့်အလမ်းများ
– **ဘက်စုံပညာပြည့်ဝသည့် နို**
ပျိုးထောင်ပေးရေး၊
– **မိဘပြည်သူများ၏ ပူးပေါင်း**
လုပ်ငန်းများ တိုးမြှင့်ဆောင်ရွ

စသည့် လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်
အခြေခံဒေသ ကျေးလက်အထိ ဖြန့်ကြ
ဆရာ၊ ဆရာမများ၏ ကြိုးစားအားထုတ်မှု၊
နိုင်မှုတို့အပေါ် တည်မှီလျက်ရှိကြောင်း။

စည်းရုံးဆွဲဆေ

နိုင်ငံတော်က အလေးထားဆောင်ရွက်
လုပ်ငန်းများသည်လည်း အခြေခံပညာ
အသွင်အပြင်တိုးတက်ကောင်းမွန်ရေး၊ ပ
သင်ယူမှု အထောက်အကူပြုပစ္စည်းများပြည့်စုံ
များ ပူးပေါင်းပါဝင်လာအောင် ဆရာ၊ ဆရ
အပေါ် များစွာမူတည်လျက်ရှိကြောင်း။
ထို့ကြောင့်အခြေခံပညာ ဆရာ၊
ပညာရေးလုပ်ငန်းတာဝန်များကို သာမန်မှ

> ❐ မိမိနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ခိုင်ခိုင်မာမာ တည်ဆောက်မထားနိုင်ခဲ့လျှင်၊
>
> ❐ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံများ ရင့်ကျက်ခိုင်မာအောင် စည်းရုံးဆောင်ရွက်မထားနိုင်ခဲ့လျှင်၊
>
> ❐ မည်သည့်နိုင်ငံရေးစနစ် ထူထောင်သည်ဖြစ်စေ တိုင်းပြည်သည် ရေရှည်တွင် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မည်မဟုတ်။

ာင်းမွန်အောင် ဆက်လက်ကြိုးပမ်း
ံများကို ကြိုတင်လေ့ကျင့်ပုံဖော်

တိုးတက်မှုခြေလှမ်းများကို စတင်လျှောက်လှမ်းနေပြီဖြစ်သည်ကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ပိတ်ဆို့ဟန့်တားနေ

အဘက်ဘက်က ပိတ်ဆို့ဟန့်တား နှောင့်ယှက်နေကြသည့်ကြားက ယခုကဲ့သို့ ကိုယ့်အားကိုယ့်မာန်ဖြင့် နိုင်ငံတော်ကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေစေရအောင် စွမ်းဆောင်နိုင်လျက်ရှိခြင်းသည် နိုင်ငံတော်အစိုးရနှင့်အတူ ဆရာ၊ ဆရာမများအပါအဝင် ပြည်သူအပေါင်း၏ ပါဝင်လက်တွဲကြိုးပမ်းစွမ်းဆောင်မှုများကြောင့်ဖြစ်သည်ဆိုသည်ကိုလည်း ထင်ရှားနေပြီဖြစ်ကြောင်း။

ထို့ကြောင့် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ထိန်းသိမ်းမြှင့်တင်နိုင်စေရန်အတွက် ပြည်သူအများ စွမ်းရည်ပြည့်ဝအောင်၊ ပညာရည်မြင့်မားအောင်၊ ကျန်းမာရေးကြံ့ခိုင်ကောင်းမွန်အောင် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန်လိုသကဲ့သို့ အမျိုးသားရေးစွမ်းအား ခါးဆက်မပြတ်စေရန်နှင့် တစ်ခေတ်ထက်တစ်ခေတ် ပိုမိုစွမ်းအားထက်မြက်မြင့်မားစေရန် မျိုးဆက်သစ်လူငယ်များကို ပညာရေးကဏ္ဍက လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ် လိုအပ်ချက်များနှင့် လိုက်လျောညီထွေစွာ ယနေ့လူငယ်များကို ကြိုတင်လေ့ကျင့် ပုံဖော်ပေးနိုင်ပါမှ လူငယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် အရည်အသွေး၊ စွမ်းရည်၊ စိတ်ဓာတ်နှင့် အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံပြီး နိုင်ငံတော်၏ အနာဂတ်သည်လည်း အမျိုးသားရေး မျှော်မှန်းချက်များနှင့် အညီ တည်ငြိမ်ခိုင်မာစွာ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

ထို့ကြောင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်အကျိုးဖြစ်ထွန်းမှုတို့ကို အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရအောင်၊ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ထွန်းကားပြန့်ပွားလာစေရအောင်၊ သိပ္ပံနှင့်နည်းပညာ တိုးတက်ဖြစ်ထွန်းမှုများကို အမျိုးသားရေး အကျိုးစီးပွားဖော်ဆောင်ရာတွင် အကျိုးရှိထိုက်တန်စွာ အသုံးပြုနိုင်စေရအောင် ဆရာ၊ ဆရာမများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

အမျိုးသားပညာရည် မြင့်မားရေးနှင့်ပတ်သက်ပြီး ၁၉၉၈ ခုနှစ်က အခြေခံပညာကဏ္ဍ၌ စတင်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ပညာရေးမြှင့်တင်မှု အစီအစဉ်အဆင့်ဆင့်မှသည် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ ချိတ်ဆက်ပြီး ၂၀၀၀ ပြည့်နှစ်က စတင်ခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး အထူး(၄)နှစ် စီမံကိန်းနှင့် ဤအထူး(၄)နှစ်စီမံကိန်း၏ ဒုတိယနှစ်ကစတင်ပြီး ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်း စသော စီမံကိန်းအဆင့်ဆင့်တွင် ၎င်းအဆင့်အလိုက် လုပ်ငန်းစဉ်များ ရည်မှန်းချက်နှင့် အညီ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြရာတွင် အခြေခံပညာနှင့် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ၊ ပညာရေးသုတေသီများ၊ ပညာရှင်ကြီးများ၊ ပညာရေးစီမံခန့်ခွဲသူများနှင့် ကျောင်းသူ၊ ကျောင်းသားများ၊ မိဘပြည်သူများ၏ ပူးပေါင်းလက်တွဲ စွမ်းဆောင်မှုများသည် လွန်စွာမှအားရကျေနပ်ဖွယ် ဖြစ်ထွန်းလာခဲ့သည်ကို တွေ့ရကြောင်း။

အထူးသဖြင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း၏ အခြေခံပညာကဏ္ဍ လုပ်ငန်းစဉ်ကြီး(၁၀)ရပ်အနက်-

- **နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေး၊**
- **အခြေခံပညာ အရည်အသွေးမြင့်မားရေး၊**
- **ခေတ်မီဆက်သွယ်ပို့ချမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်ကြားမှု သင်ယူမှု အခွင့်အလမ်းများ ပိုမိုတိုးတက်ရေး၊**
- **ဘက်စုံပညာပြည့်ဝသည့် နိုင်ငံ့သားကောင်းများအဖြစ် ပြုစုပျိုးထောင်ပေးရေး၊**
- **မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခြေခံပညာ ဖွံ့ဖြိုးမှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး**

စသည့် လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းရေးသည် အနယ်နယ်အရပ်ရပ်၌ အခြေခံဒေသ ကျေးလက်အထိ ဖြန့်ကြက်တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများ၏ ကြိုးစားအားထုတ်မှု၊ တီထွင်ကြံဆမှု၊ စည်းရုံးဆောင်ရွက်နိုင်မှုတို့အပေါ် တည်မှီလျက်ရှိကြောင်း။

စည်းရုံးဆွဲဆောင်

နိုင်ငံတော်က အလေးထားဆောင်ရွက်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများသည်လည်း အခြေခံပညာကျောင်းများ၊ အဆောက်အအုံနှင့် အသွင်အပြင်တိုးတက်ကောင်းမွန်ရေး၊ ပညာရည်မြင့်မားရေး၊ သင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများပြည့်စုံရေး လုပ်ငန်းများတွင် မိဘပြည်သူများ ပူးပေါင်းပါဝင်လာအောင် ဆရာ၊ ဆရာမများ၏ စည်းရုံးဆွဲဆောင်နိုင်မှုအပေါ် များစွာမူတည်လျက်ရှိကြောင်း။

ထို့ကြောင့်အခြေခံပညာ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ ပညာရေးလုပ်ငန်းတာဝန်များကို သာမန်မျှသဘောမထားဘဲ ကျေးလက်

ပညာရည်မြင့်မားရေးမှသည် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပဓာနကျသော အခြေခံအုတ်မြစ်များ တည်ဆောက်နေခြင်းဖြစ်သည်ဟု ခံယူထားကြရန် ပြောကြားလိုကြောင်း။

အထူးသဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသား ပညာရည်မြင့်မားရေးလုပ်ငန်းများသည် နိုင်ငံတော်သစ်တည်ဆောက်ရေး ဖြစ်စဉ်အဆင့်ဆင့်၏ အခြေခံအကျဆုံး အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ခံယူပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် တစ်ဆက်တည်း မှာကြားလိုကြောင်း။

ကြိုးပမ်းတွန်းလှန်

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းတစ်ပါးက ဖန်တီးလာသော နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းများ၊ ဖိအားပေးအကျပ်ကိုင်မှုများက လွန်မြောက်အောင် ကြိုးပမ်းတွန်းလှန်ရင်း တိုင်းပြည်အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင်၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းအောင်၊ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံဖူလုံအောင်၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားအောင်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင်၊ နယ်စပ်ဒေသ၊ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုကွာဟချက် တစ်စထက်တစ်စ ကျဉ်းမြောင်းလာစေရအောင် ပြည်သူများ၏ အားကိုရယူပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လာခဲ့သည့်အတွက် အောင်မြင်ဖြစ်ထွန်းမှု အခြေခံကောင်းများလည်း ယနေ့ ရရှိနေပြီဖြစ်ကြောင်း။

မိမိနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ခိုင်ခိုင်မာမာ တည်ဆောက်မထားနိုင်ခဲ့လျှင်၊ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံများ ရင့်ကျက်ခိုင်မာအောင် စည်းရုံးဆောင်ရွက်မထားနိုင်ခဲ့လျှင် မည်သည့်နိုင်ငံရေးစနစ် ထူထောင်သည်ဖြစ်စေ တိုင်းပြည်သည် ရေရှည်တွင် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက် မည်မဟုတ်ဖူး ဆိုသည်ကိုလည်း သမိုင်းကြောင်းက သက်သေပြနေပြီးဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို အခိုင်အမာ ကြိုးပမ်းတည်ဆောက်ပေးရင်း ရရှိဖြစ်ထွန်းလာသော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးစည်ပင်မှု၊ စည်းလုံးညီညွတ်မှု အကျိုးရလဒ်ကောင်းများကို အခြေပြုပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ ပကတိအခြေအနေမှန်များ၊ သမိုင်းပေးသင်ခန်းစာများ၊ ရေ့အလားအလာများနှင့် ဆီလျော်ညီညွတ်သော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဆက်လက်ကျင်းပရန်အသင့်

ယခုဆိုလျှင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ အခြေခံအကျဆုံးခြေလှမ်းဖြစ်သည့် အမျိုးသားညီလာခံကြီးတွင်လည်း လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေပြီး မကြာမီသောကာလတွင် ဆက်လက်ကျင်းပနိုင်ဖို့ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်ကို အမျိုးသားရေး အကျိုးစီးပွားအဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်၌ တည့်မတ်ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းရေး၊ စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပသော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၃) ဖွင့်ပွဲအခမ်းအနားအပြီးတွင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

အဖြစ် ကမ္ဘာတည်သရွေ့ ဥမကွဲသိုက်မပျက် အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရေးဆိုသော မွန်မြတ်မြင့်မားသည့် ရည်မှန်းချက်များထားရှိပြီး တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တာဝန်များနှင့်အတူ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်းရေး အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- **အမျိုးသား ပညာရည်မြင့်မားမှုနှင့်တကွ မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးကဏ္ဍ၏ အမျိုးသားရေး တာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်သွားကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သင်တန်းသား၊သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ အခြေခံပညာ ဆရာ၊ ဆရာမ ၁၀၀၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ် ကြာမြင့်မည် ဖြစ်သည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ကျင်းပမည့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ညီလာခံနှင့်ပြပွဲသို့ တက်ရောက်ရန် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပါမောက္ခချုပ် ဒေါက်တာမြတ်မိုး ဦးဆောင်ပြီး အဖွဲ့ဝင်များအဖြစ် ညွှန်ကြားရေးမှူး ဒေါက်တာစိန်ဝင်း၊ ဦးမောင်မောင်ဦး(ဂရိတ်ဝေါဆေးတိုက်)၊ ဦးဘိုကြီး (ရုပ်ပျိုဆေးတိုက်)၊ ဦးထွန်းရွှေ(ထွန်းရွှေဝါဆေးတိုက်)၊ ဦးကျော်ကျော်ဌေး (မှန်ချိုဆေးတိုက်)၊ ဦးကြည်စိုး(ကေသီပန်ဆေးတိုက်)နှင့် ဦးဝေလွင် (ဦးအောင်မြင့် လူပုံတော်ပတ္တမြားဆေးတိုက်)တို့ပါဝင်သော မြန်မာတိုင်းရင်းဆေး ကိုယ်စားလှယ်အဖွဲ့ ဩဂုတ် ၂၈ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (တိုင်းရင်းဆေး)

ရန်ကုန်မြို့၏ မိုးရေချိန်

၂၉-၈-၂၀၀၅

ရန်ကုန်မြို့လယ်
၀ ဒသမ ၁၆ လက်မ

မင်္ဂလာဒုံ
၀ ဒသမ ၁၂ လက်မ

ကမ္ဘာအေး
၀ ဒသမ ၀၄ လက်မ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၈-၂၀၀၅
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ကဗျာပန်းဥယျာဉ်
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၈။	ဖြူးချောင်းတံတား
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Let's Go.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄:၄၅	၄။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၀၀	၅။	၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ပညာရှင်အဆင့်) (အမျိုးသမီး)
၅:၁၀	၆။	ခံစားနားဆင်တေးဇာတ်ဝင်
၅:၂၀	၇။	သားငါးဖွံ့ဖြိုးပြည့်အကျိုး
၅:၃၀	၈။	ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၅:၄၀	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၀	၁၀။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း-၁၈)**
၆:၃၀	၁၁။	ညနေခင်းသတင်း
၇:၀၀	၁၂။	မိုးလေဝသအခြေအနေ
၇:၀၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေးနီမလေးရဲ့ချစ်ပုံပြင်" (အပိုင်း-၁၈)**
၇:၃၅	၁၄။	ထာဝစဉ်နှလှမြန်မာ့ဂီတ (အတီးပညာဘာသာရပ်ဆွေးနွေးခန်း) (အပိုင်း-၇)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောနေခြည်" (အပိုင်း-၈)**
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့်စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲ အခမ်းအနားများကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ခြောက်တိုက်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၈တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနားများကို ယမန်နေ့ မွန်းလွဲပိုင်းတွင် အလုံမြို့နယ် ဆင်မင်းရပ်ကွက်ရှိ သာသနဟိတကာရီ ကွင်းကျောင်း ပရိယတ္တိစာသင်တိုက်နှင့် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးတို့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ခြောက်တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူ လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ထံ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

အဆိုပါ အခမ်းအနားများသို့ ပရိယတ္တိ စာသင်တိုက်များမှ ပဓာနနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ခြောက်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲ အခမ်းအနားကို မွန်းလွဲ ၁နာရီတွင် အလုံမြို့နယ် ဆင်မင်းရပ်ကွက်ရှိ သာသနဟိတကာရီ ကွင်းကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကွင်းကျောင်းပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သုဇာတထံမှ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ကွင်းကျောင်းပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သုဇာတအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော် (ကြည်း၊ ရေ၊လေ) အရာရှိကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ စစ်ဦးစီး ဗိုလ်မှူးကြီး(ရေ) ဗိုလ်မှူးကြီးသူရသက်ဆွေနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး (စက်မှုလက်မှု) (လေ) ဗိုလ်မှူးကြီးချန်မောင်တို့က ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များအသင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစုများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မိသားစုများ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) မိသားစုများ၊ အိုကေ ဆန်ရောင်းဝယ်ရေးမှ ဦးငြိမ်း–ဒေါ်အုန်းကျင် မိသားစု၊ စန္ဒီပရဆေး(ဦးသိန်းမောင်)– ဒေါ်ပါးပါး မိသားစု၊ အမှတ်(၄) သစ်စက်မိသားစု၊ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ အလုံမြို့နယ် ပညာရေးဝန်ထမ်းမိသားစုများ၊ အလုံမြို့နယ် သမဝါယမဦးစီးဌာန မိသားစုများ၊ လှိုင်မြို့နယ် ဒေါ်နု ပစ္စည်းငှားလုပ်ငန်း၊ ထက်လင်းဆေးတိုက်၊ တိုင်းရင်းဆေးသမားတော်ကြီး ဦးရွှေမြ မိသားစု၊ ကျော်တိုင်းရင်းဆေးလုပ်ငန်း၊ မြရတနာဆေးတိုက်၊ ဒဂုံခရီးသွားလုပ်ငန်း၊ အာရှကြီးပွားရေးနှင့် တိုးတက်ရေး သွင်းကုန်ထုတ်ကုန်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်မှုနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ဘုတ်ဆုံမ ငရုတ်သီးလုပ်ငန်း၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှတို့ အပါအဝင် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ယင်းနောက် ဆွမ်းပဒေသာပင် အလှူငွေများအဖြစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ်ခြောက်သောင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသောင်း၊ အလုံမြို့နယ်မှ ပြည်သူများနှင့် လုပ်ငန်းရှင်များက ငွေ ၁၄၈၉၄၇၅ကျပ်၊ မြန်မာပြည်သားဟော့ကေအင်န် ကုမ္ပဏီမှ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း–သီရိသုဓမ္မသီဂီ ဒေါ်စန်းဝင်းတို့က ငွေကျပ်သုံးသိန်း၊ စန္ဒီပရဆေး (ဦးသိန်းမောင်)– ဒေါ်ပါးပါး မိသားစုတို့က ငွေကျပ် ၂၂၅၅၁၀၊ ဘီတီဘီကုမ္ပဏီမှ သီဟသုဓမ္မမဏိဇောတဓရ ဦးသိုင်းဝင်း–သီဟသုဓမ္မသီဂီ ဒေါ်ငွေငွေညွန့်၊ ဝင်းရတနာ ခရီးသည်ပို့ဆောင်ရေး လုပ်ငန်း၊ ပုဂံဟိုတယ်နှင့် ပုဂံ (Super Market)မှ သီရိသုဓမ္မသီဂီ ဒေါ်အေးမြတ်နွယ်တို့က ငွေကျပ် နှစ်သိန်းစီ၊ အလုံမြို့နယ် ဝန်ထမ်းမိသားစုများက ငွေကျပ် ၁၂၃၀၀၀၊ ထက်လင်းဆေးတိုက်က ငွေကျပ် တစ်သိန်း၊ ဆန်းမြန်မာကုမ္ပဏီမှ ဦးမျိုးအောင် – ဒေါ်ခင်ရည်မွန်တို့က ငွေကျပ်တစ်သိန်း၊ မြင့်မြတ်ဆန်စပါး ရောင်းဝယ်ရေးလုပ်ငန်းက ငွေကျပ် တစ်သိန်း၊ ဆရာငြိမ်းနှင့် သားများ ဝပ်ရှော့လုပ်ငန်းက ငွေကျပ်တစ်သိန်း၊ ဘုတ်ဆုံမ ငရုတ်သီးလုပ်ငန်းက ငွေကျပ် ၁၁၀၀၀၀၊ ဦးနိုင်ဝင်း (ရွှေဝင်းကုမ္ပဏီ) မိသားစု၊ သမ္မတသက်န်းတိုက်မှ သီဟသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်–သီဟသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တို့က ငွေကျပ်တစ်သိန်းစီ၊ ချမ်းမြေ့စတိုးမှ ငွေကျပ် ၇၂၀၀၀၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းက ငွေကျပ် ခြောက်သောင်း၊ အလုံမြို့နယ်၊ ကွင်းကျောင်းနေ ဦးအရှပ်–ဒေါ်ကျင်တီ မိသားစုက ငွေကျပ်ငါးသောင်း၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ငွေကျပ်လေးသောင်း၊ ယုဇနအအေးခန်းက ငွေကျပ်သုံးသောင်း၊ အလုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့က ငွေကျပ် နှစ်သောင်းစီ၊ ယူနိုက်တက်ဝင်းနား အင်တာနေရှင်နယ်ကုမ္ပဏီနှင့် သီဟသုဓမ္မသီဂီ ဒေါ်မြသိန်း(သား) ဦးရန်ရှင်းမိသားစုတို့က ငွေကျပ် လေးသောင်းစီ၊ မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများ အသင်းက ငွေကျပ်သုံးသောင်း၊ ဒဂုံခရီးသွားလုပ်ငန်းက ငွေကျပ် ၂၁၈၀၀၊ အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်နှစ်သောင်း၊ မြရတနာဆေးတိုက်က ငွေကျပ် တစ်သောင်းအပါအဝင် အလှူရှင်များက အလှူငွေများကို အသီးသီး ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီး မောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၈တိုက်တို့အား တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုး၊ စစ်ဦးစီး ဗိုလ်မှူးကြီး (ရေ) ဗိုလ်မှူးကြီး သူရသက်ဆွေနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီးသန်းဆွေ တို့က ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆားတို့ကို ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ထို့နောက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို စစ်ဦးစီးဗိုလ်မှူးကြီး (စက်မှုလက်မှု) (လေ) ဗိုလ်မှူးကြီးချန်မောင်က ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ ကွင်းကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ဘဒ္ဒန္တသုဇာတက အနုမောဒနာ တရားချီးမြှင့်တော်မူပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

ထို့နောက် အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက်ရှိ ယုဝတီမွေ့စကြာဝတ်အသင်းက အရပ် ၁၀ မျက်နှာ မေတ္တာပို့သကြသည်။

လှူဒါန်းမှုအစုစု

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ခြောက်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ယနေ့ လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၂၀၅ အိတ်၊ ဆီ ၁၅၅ပိဿာ၊ ပဲ ၁၃၁ ပိဿာ ၅၀ကျပ်သား၊ ငါးခြောက်ပိဿာ ၃၈၀၊ မွေးကိုယ်တိုက်ဆပ်ပြာ ၇၃၁ခဲ၊ ပဒုမ္မာ အဝတ်လျှော်ဆပ်ပြာ ၇၃၁တုံး၊ အိုင်အိုဒင်းဆား ၇၃၁ပိဿာ၊ သွားတိုက်ဆား ၁၄၆ဘူး၊ တိုင်းရင်းဆေး မျိုးစုံ ဒါဇင် ၄၃၀နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ၄၀၇၁၃၇၅ ကျပ် ဖြစ်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၈တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားကို မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်မြေဗိမာန်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဓမ္မိသာရထံမှ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီး များနှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုး၊ စစ်ဦးစီးဗိုလ်မှူးကြီး (ရေ) ဗိုလ်မှူးကြီးသူရသက်ဆွေနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး (လေ)မှ ဒုတိယ ဗိုလ်မှူးကြီးသန်းဆွေတို့က ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆေး၊ ဆား၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များက ဆွမ်းပဒေသာပင်များကို လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ်တစ်သိန်း ရှစ်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ကိုးသောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့က ငွေကျပ်သုံးသိန်း၊ ဦးတန်လျှန်ဟန် မိသားစုက ငွေကျပ်ရှစ်သိန်း၊ ဦးကျော်–ဒေါ်ငွေငွေမြင့် မိသားစု၊ ဦးသန်းဝင်း လမ်း ၄၀ကျောက်တံတား မြို့နယ်၊ ဦးမိုက်ကယ်ညွန့်–ဒေါ်နန်းခမ်းထွေးညွန့် (တာမွေပလာဇာ)၊ ဦးသိန်းဝင်း–ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီ) တို့က ငွေကျပ်ငါးသိန်းစီ၊ ဒေါ်ဥမ္မာသန်း ၉၃လမ်းက ငွေကျပ်သုံးသိန်း၊ ယုဇနပလာဇာဈေးမိသားစုကငွေကျပ်နှစ်သိန်း ရှစ်သောင်း တစ်ထောင်၊ ဦးအောင်ဝင်း–ဒေါ်ရင်မြ (စုစုကြီး မော်တော်ဆားဗစ်)၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✧

✧စာမျက်နှာ ၁၀ မှ
ဦးဝင်းကို (ပြည့်ဖြိုးအောင် ဆောက်လုပ်ရေး) နှင့် ဒေါ်မီမီစိန် (Asia Express Co., Ltd) တို့က ငွေကျပ်နှစ်သိန်းနှစ်သောင်းစီ၊ သီရိ သုဓမ္မမဏိဇောတဓရ သီဟသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်းမိသားစု၊ ဦးသန်းထွန်း – ဒေါ်မြသွေး မိသားစု၊ ဦးစိုးဟန်လင်း (ဗိုလ်တထောင်မိသားစု)၊ ဦးခင်ဇော်–ဒေါ်ခင်ဆွေဦး မိသားစု၊ ဒေါ်နုနုငယ် (နုငယ်ဆောက်လုပ်ရေးမိသားစု) နှင့် ဦးစိုင်းအိုက်ပေါင်း–ဒေါ်နန်းစိန် မိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ ဒေါ်ခင်နန်းမွန် မိသားစုက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံဆန်လက်ကားကုန်သည်များ အသင်းက ငွေကျပ်တစ်သိန်းရှစ်သောင်း၊ တာမွေမြို့နယ်မှ ဟိုတယ်၊ မိုတယ်၊ အင်းများက ငွေကျပ်တစ်သိန်း ခြောက်သောင်းငါးထောင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စားသောက်ဆိုင်များက ငွေကျပ်တစ်သိန်းခြောက်သောင်း၊ ခရိုင်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ခရိုင်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်တစ်သိန်းငါးသောင်းစီ၊ တာမွေမြို့နယ် ပညာရေးမိသားစုက ငွေ ၁၃၅၇၀၅ ကျပ်၊ အထက(၁) တာမွေ ပညာရေး မိသားစုက ငွေတစ်သိန်းတစ်သောင်းငါးထောင်၊ Aung Engineering Co., Ltd. ဦးတင်မောင်ဝင်း (ILBC)၊ ဦးမင်းမောင်မောင် လုပ်ငန်းရှင်များ အသင်းချုပ်က ငွေကျပ်ငါးသိန်း၊ ဦးချစ်မွေး–ဒေါ်မြင့်မြင့်ရီ မိသားစုက ငွေကျပ်သုံးသိန်း၊ စန္ဒီပရဆေးမိသားစုက ငွေကျပ် ၂၂၅၀၅၀၊ ဘီတီဘီကုမ္ပဏီ၊ မြန်မာပြည်သားဟော့ကေအင်န်ကုမ္ပဏီ၊ ဝင်းရတနာ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း၊ သမ္မတသင်္ကန်းတိုက်နှင့် ပုဂံဟိုတယ်တို့က ငွေကျပ်နှစ်သိန်းစီ၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းက ငွေကျပ်တစ်သိန်းရှစ်သောင်း၊ ဆန်းမြန်မာကုမ္ပဏီလီမိတက်က ငွေကျပ်တစ်သိန်း (ဆာကူရာစီးတီး)၊ မြန်မာပြည်သားသမဝါယမ အသင်းစု၊ ဦးသန်းအောင်–ဒေါ်စန်းစန်းမော်၊ နိုတီဘောပင်ကုမ္ပဏီ၊ ပြည်မြန်မာဆောက်လုပ်ရေး၊ ရတနာရှိုးဟိုတယ်၊ စူပါဝမ်းကုမ္ပဏီ၊ မြန်မာရွှေသရဖူကုမ္ပဏီ၊ Relaxစားသောက်ဆိုင် (တာမွေ)နှင့် နှင်းနှင်းခိုင်ကုမ္ပဏီတို့က ငွေကျပ်တစ်သိန်းတစ်သောင်းစီ၊ ယုဇနဂါးဒင်း၊ ကရဝိက်နန်းတော်၊ မြို့နယ် ဆီကုန်သည်များအသင်း၊ ဦးသိန်းအောင် – ဒေါ်သန်းသန်းလှ၊ ဦးခင်အောင်–ဒေါ်ဘေဘီအုန်း၊ ဦးတင်မောင်–ဒေါ်တင်အေး၊ ဦးတင်ထွန်း–ဒေါ်ခင်မြင့်၊ အုတ်၊ သဲ၊ ကျောက်လုပ်ငန်းရှင်များ၊ ကြက်၊ ဘဲ၊ ဝက်မိသားစု၊ ဝင်းတာယာလုပ်ငန်း၊ မင်္ဂလာမွန်ဈေး မိသားစု၊ ဦးလှဝင်း၊ ဦးဖြိုးမြတ်လှိုင်၊ ဦးကျော်ဌေးနှင့် သီရိမင်္ဂလာတော်ဝင် တည်းခိုခန်းတို့က ငွေကျပ်တစ်သိန်းစီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုငါးသောင်း၊ ဘုတ်ဆုံမရေတံသီးလုပ်ငန်းက ငွေကျပ် တစ်သိန်းတစ်သောင်း၊ မြင့်မြတ်ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းနှင့် ထက်လင်း ဆေးတိုက်တို့က ငွေကျပ်တစ်သိန်းစီအပါအဝင် အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းငွေ ၁၃၄၆၆၀၅၅ ကျပ်တို့ကို တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော် အရာရှိကြီးများက လက်ခံကြသည်။

ယင်းနောက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအေးသော်က ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် တာမွေမြို့နယ် မင်္ဂလာသုခပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယကအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး တိုင်းမှူး၊ အဖွဲ့ဝင်များနှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ခြောက်တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲအခမ်းအနားတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ စစ်ဦးစီး ဗိုလ်မှူးကြီး (ရေ) ဗိုလ်မှူးကြီးသူရသက်ဆွေနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး (စက်မှုလက်မှု) (လေ) ဗိုလ်မှူးကြီး ချန်မောင်တို့က ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် တာမွေမြို့နယ် အမှတ် (၂)အခြေခံပညာ အထက်တန်းကျောင်းဝတ်အသင်းက အရပ် ၁၀ မျက်နှာ ဆုတောင်းမေတ္တာ ပို့သကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များအတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၃၈၇အိတ်၊ ဆီ ၁၆၃ပိဿာ၊ အိုင်အိုဒင်းဆား ၁၆၃၁ ပိဿာ၊ သွားတိုက်ဆေးဘူး ၄၇၆ဘူး၊ ပဲ ၂၉၃ပိဿာ၊ ငရုတ်သီးမှုန့် အထုပ် ၅၀၀၊ တိုင်းရင်းဆေးမျိုးစုံ ၂၃၅၅ ဘူးနှင့် အထုပ် ၂၅၀၀၊ ဘောပင် ၁၅၃၆ ချောင်း၊ ရွှေဝါဆပ်ပြာ ၁၆၃၁ တောင့်၊ မွှေး ၁၆၃၁ခဲ၊ ငါးခြောက် ၈၆၅ပိဿာနှင့် ဆွမ်းပဒေသာပင် အလှူငွေစုစုပေါင်းမှာ ငွေ ၁၃၄၆၆၀၅၅ ကျပ်ဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀–၈–၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်တက္ကသိုလ်ပညာရေး ပို့ချမှုအစီအစဉ် - Graphical Presentation** (ပထမနှစ်–စီးပွားရေးပညာ)
၅:၂၅	၉။ ပညာခေတ်
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပျံသာပျံပါထက်အာကာ" (အပိုင်း–၁)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ကျန်းမာသုတအစီအစဉ်
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နှင်းနဂါးသိုင်း (အပိုင်း–၂၁)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၉

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်များ၏ ပဉ္စမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့ နံနက် ၈နာရီတွင် မန္တလေးမြို့ အမှတ် (၃)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမဌကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ အကြံပေးပညာရှင်များဖြစ်ကြသော စာရေးဆရာ ဦးချစ်စံဝင်းနှင့် ဦးချစ်ဦးညို၊ ဇာတ်ညွှန်း အကယ်ဒမီဦးငြိမ်းမင်း၊ မန္တလေးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်၊ ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တပ်မှူးများ၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဦးဆန်းဝင်း၊ သဘင်ပညာဌာန ပါမောက္ခ ဌာနမှူး ဒေါ်နုနုခင်နှင့် ဂီတပညာဌာန ကထိက ဌာနမှူး ဦးဇော်ဝင်းမင်း၊ အနုပညာဦးစီးဌာန(မန္တလေး) ဌာနခွဲမှ အကြံပေးပညာရှင်ဦးအောင်မြင့်သန်း၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)နှင့် အနုပညာဦးစီးဌာန (မန္တလေး)တို့မှ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားပြီး အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ စာရေးဆရာဦးချစ်စံဝင်းက "ဇာတ်စာ၊ ဇာတ်စကားနှင့် ဇာတ်ညွှန်းရေးသားခြင်း" ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် ပြဇာတ်ပြိုင်ပွဲများကို ဆက်လက်ကျင်းပပြီးနောက် ပြိုင်ပွဲများအပြီးတွင် စာရေးဆရာ ဦးချစ်စံဝင်း၊ ဦးချစ်ဦးညိုနှင့် ဇာတ်ညွှန်းအကယ်ဒမီ ဦးငြိမ်းမင်းတို့က ပြိုင်ပွဲဝင် ပြဇာတ်တစ်ခုချင်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။ (သတင်းစဉ်)

မိုးကုတ် ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်း ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် (၁၂) ရပ်ကွက် သာသနာသာစည် ကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ် (၃၉၉)တွင် ဝါတွင်းကာလ တရားစခန်းပွဲကို တော်သလင်းလဆန်း ၁ ရက်မှ ၇ရက်အထိ ကျင်းပမည်ဖြစ်ရာ ချမ်းမြေ့သာ အရှင်ဝိဇေယျက ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါးတရားများကို ဟောကြားမည်ဖြစ်၍ ဝါခေါင်လကွယ်နေ့ ညနေ ၄ နာရီအရောက် လာရောက်ကြပါရန်နှင့် ဆွမ်းအစရှိသည်တို့ လှူဒါန်းလိုပါက ဖုန်း ၅၈၀၀၇၅ နှင့် ၅၈၀၇၂၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၂၁ရက်က ဗဟန်းမြို့နယ် ငါးထပ်ကြီးရပ်ကွက် တောင်တွင်းကြီး ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ မုနိန္ဒ (သာသနဓဇမ္မောစရိယ) အမှူးပြုသော စာချစာသင် သံဃာ၊ သာမဏေ အပါး ၅၀တို့အား ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင် (ငြိမ်း)နှင့် အသင်းသား၊ အသင်းသူများက ဝါဆိုသင်္ကန်းများ ဆပ်ကပ်လှူဒါန်းကြစဉ်။ (က–ပ)

ဆွေးနွေးပွဲတက်ရန် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါ်ရီရီမြင့် (အငြိမ်းစား)သည် Asian Institute of Technology-AIT Centre in Vietnam ရှိ Diploma in Development Studies (DFD) Program ၏ ဖိတ်ကြားချက်အရ "အမျိုးသမီးများနှင့် စီးပွားရေးစွမ်းဆောင်မှု"ခေါင်းစဉ်ဖြင့် ဩဂုတ် ၃၀ရက်တွင် ပါဝင်ဆွေးနွေးရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ သီရိသုဓမ္မ သီဂိ လူမှုထူးချွန်(ပထမဆင့်) ဒေါ်ခင်မြင့်မြင့်၊ အတွင်းရေးမှူး ဒေါ်လှဝတီနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဆုချီးမြှင့်

ဩဂုတ် ၂၀ ရက်က အလက(၈) လှိုင်၏ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်တွင် Grade (7) မှ ပညာရည်ချွန်ဆုရရှိသူ မောင်ကျော်နိုင်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခင် ဆုချီးမြှင့်စဉ်။

(ပညာရေး)

ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဦးစားပေး ပြည်သူချစ်သောဝန်ထမ်းဖြစ်အောင် ကြိုးစား

ရန်ကုန် ဩဂုတ် ၂၉

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂)သင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် ယခုသင်တန်းသို့ တက်ရောက်သော သင်တန်းသားများသည် မြို့နယ်များ၏ ခေါင်းဆောင်များဖြစ်၍ နာယက ဂုဏ်ခြောက်ပါးနှင့်အညီ ပြုမူကျင့်ကြံ နေထိုင်ကြရန်၊ နယ်မြေလူထု၏ ယုံကြည်ကိုးစားမှု ရရှိအောင် ဆောင်ရွက်ရန်နှင့် မိမိကိုယ်ကို စည်းရုံးရေးမှူးခေါင်းဆောင်ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူတို့၏ နေ့စဉ်ဘ၀ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပေးကြရန်၊ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဆောင်ရွက်ချက်များအပေါ် ရိုးရိုးသားသား၊ ကြိုးကြိုးစားစား စေတနာထားဆောင်ရွက်ရန်၊ ပြည်သူချစ်သော ဝန်ထမ်းဖြစ်အောင် ကြိုးစားကြရန်နှင့် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ကိုလည်း သတိပြုကြရန်လိုကြောင်း၊ အခြေအနေအရပ်ရပ်ကို မှန်မှန်ကန်ကန် နားလည်သဘောပေါက်ပြီး ပြည်သူနှင့် တစ်သားတည်း ဆက်ဆံပြုမူနေထိုင်ကြရန်လည်း လိုအပ်ကြောင်းစသည်ဖြင့် ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂) သင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သင်တန်းသို့ ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား ၅၀ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) န၀မအကြိမ် ဘွဲ့ယူ ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်စင်တင် တင်ဆက်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် န၀မအကြိမ် ဘွဲ့ယူ ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင် စင်တင်တင်ဆက်ပွဲအခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ရှေ့နေချုပ် ဦးအေးမောင်တို့ တက်ရောက်ကြည့်ရှု အားပေးချီးမြှင့်ကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်အဖွဲ့ဝင်များ အမျိုးသားဇာတ်ရုံ ဧည့်ကြိုခန်းမအတွင်း ခင်းကျင်းပြသထားသော ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ၂၀၀၄-၂၀၀၅ ပညာသင်နှစ် န၀မအကြိမ် ဘွဲ့ယူ ပန်းချီပညာဌာနနှင့် ပန်းပုပညာဌာနတို့မှ ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီလက်ရာမွန်များကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ယဉ်ကျေးမှု တက္ကသိုလ်များကောင်စီဝင် ဦးခင်အုန်း(ရာမည-ကိုကိုနိုင်)၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ သဘင်နှင့် ဂီတအနုပညာရှင်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ဘွဲ့ယူ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်တို့သည် သဘင်ပညာဌာနမှ ဘွဲ့ယူ ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဧည့်သည်တော်များသည် အမျိုးသားဇာတ်ရုံ ဧည့်ကြိုခန်းမအတွင်း ခင်းကျင်းပြသထားသော ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် န၀မအကြိမ် ဘွဲ့ယူ ပန်းချီ ပညာဌာနနှင့် ပန်းပုပညာဌာနတို့မှ ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီ၊ ပန်းပု လက်ရာမွန်များနှင့် ဘွဲ့ယူစာတမ်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အမျိုးသားဇာတ်ရုံအတွင်း ဂီတပညာဌာနနှင့် သဘင်ပညာဌာနတို့မှ ဘွဲ့ယူ ကျောင်းသား၊ ကျောင်းသူများ၏ ဂီတ၊ သဘင်စင်တင်ဖျော်ဖြေတင်ဆက်ကပြမှုများကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ ၁၃၆၇ခုနှစ် ဝါခေါင်လကွယ်နေ့ စက်တင်ဘာ ၂ရက် သောကြာနေ့ ည၇နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ပခန်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိမလာဘိဝံသ အရှင်မြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၂၇ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့ အမှာစကားပြောကြားစဉ်။ (ပညာရေး)

ဖွင့်လှစ်

မော်လမြိုင်မြို့နယ် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အခြေခံပညာအဆင့်) ဖွင့်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက်က အထက(၈) ယင်းမာခန်းမတွင်ကျင်းပရာ ပညာရေးမှူး ဦးတင်ညွှန့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၃၀၇)

ပုဇွန်တောင်မြို့နယ်တွင် ကိုယ်ဝန်ဆောင် မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် မျိုးဆက်ပွား ကျန်းမာရေးပညာပေးဟောပြောပွဲကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းရုံးတွင် ဩဂုတ် ၂၇ရက်ကကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မော်မော်စန်းက ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအား အာဟာရနှင့် ဆေးဝါးများပေးအပ်စဉ်။ (မြို့နယ် မိခင်၊ ကလေး)

သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

ရန်ကုန် ဩဂုတ် ၂၉

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့၌ ၇၄၂စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။ (သတင်းစဉ်)

ချင်းတွင်းနှင့် စစ်တောင်းမြစ်ရေ သတိပေးကြေညာ

ရန်ကုန် ဩဂုတ် ၂၉

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဟုမ္မလင်းမြို့၌ ၂၉၄၂စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၇၂နာရီအတွင်း စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် နံနက်၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၀၉၁စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ်ကျဆင်းနေသော်လည်း ယနေ့မွန်းတည့်မှနောက် ၇၂နာရီအတွင်း စိုးရိမ်ရေမှတ် ၁၀၇၀စင်တီမီတာအထက်တွင် ဆက်လက် တည်ရှိနိုင်သည်။ (သတင်းစဉ်)

(၃၁)ကြိမ်မြောက် မဟာဘုမ္မာသက ဆွမ်းလောင်းပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၉

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ရတနာမာရ်အောင်တောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိစ္စာဗလ ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး ကြီးမှူးလျက် (၃၁)ကြိမ်မြောက် မဟာဘုမ္မာသက ဆွမ်းလောင်းပွဲတော်ကို ၁၃၆၇ခုနှစ်၊ တော်သလင်းလဆန်း ၉ရက်၊ စက်တင်ဘာ ၁၁ရက်(တနင်္ဂနွေနေ့) တွင်ကျင်းပပူဇော်မည်ဖြစ်ရာ နံနက် ၅ နာရီတွင် ပင့်သံဃာအပါး ၃၀၀နှင့်တကွ သီလရှင်အပါး ၁၅၀တို့အား သီးစုံဆွမ်း၊ ဆွမ်းဆန်တော်၊ ငွေပဒေသာပင်မဲများနှင့် အတူဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ပြီး နံနက် ၉နာရီတွင် ဓမ္မစကြာဓမ္မာရုံတော်ကြီး၌ ဆရာတော်ကြီးကိုယ်တိုင်ရေစက်ချတရားဟောကြားချီးမြှင့်မည်ဖြစ်သည်။

သို့ဖြစ်ရာ ဆရာတော်ကြီး၏ ရပ်ဝေးရပ်နီးမှ ရဟန်းရှင်လူ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ရန် နိုးဆော်ထားသည်။ (သတင်းစဉ်)

ကမ္ဘောဇအသင်း ဗိုလ်လုပွဲသို့တက် ဘဏ္ဍာ/အခွန်နှင့် ဗိုလ်လုပွဲကစားရမည်

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၅-၂၀၀၆ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအကြို ဗိုလ်လုပွဲအဖြစ် တံခွန်အသင်းနှင့် ကမ္ဘောဇအသင်းတို့သည်ယမန်နေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ကမ္ဘောဇအသင်းက တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

ကမ္ဘောဇအသင်း တစ်ဂိုး။

(ကျော်သီဟ)

တံခွန်အသင်း ဂိုးမရှိ။

ဒိုင်လူကြီး ဦးသိန်းမြိုင်။

ပုဂ္ဂလိက ဘောလုံးအသင်းနှစ်သင်း ယှဉ်ပြိုင်ကစားသော ပွဲဖြစ်သည်။ ကမ္ဘောဇအသင်းသည် ယမန်နှစ်ကမှ အဆင့်မြင့်တန်းသို့တက်ရောက်လာသည့် အသင်းဖြစ်သော်လည်း ဗိုလ်လုပွဲသို့ ပထမဦးဆုံး တက်ရောက်နိုင်ခဲ့သည်။ ကမ္ဘောဇအသင်းတွင် အမာခံကစားသမား ရာဇာစိုးမှလွဲ၍ လူစုံပါဝင်ကစားသလို တံခွန်အသင်းတွင်လည်း လူစုံတက်စုံဖြင့် အနိုင်ရရှိရေးအတွက် ပွဲစကတည်းက ကြိုးစားကစားခဲ့သည်။ လူငယ်များပီပီ အားကုန်ထုတ်၍ ကစားကြရာ ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ ကမ္ဘောဇအသင်းတွင် ထွန်းမင်းဦးနှင့် ကျော်သီဟ တိုက်စစ်အတွဲမှာ အချိတ်အဆက်မိမိဖြင့် ကစားနိုင်သည်။ ပထမပိုင်း ၂၅မိနစ်တွင် ထွန်းထွန်းဝင်းပေးသောဘောလုံးကို ထွန်းမင်းဦး ရင်ဘတ်ဖြင့် ဖမ်းပြီးပြန်ချပေးရာမှ ကျော်သီဟက အနီးကပ်အပိုင်ကန်သွင်း၍ တစ်လုံးတည်းသော အနိုင်ဂိုးရရှိသွားသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးဂိုးမသွင်းနိုင်၍ ကမ္ဘောဇအသင်းက တစ်ဂိုးတည်းဖြင့်အနိုင်ရပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

ဗိုလ်လုပွဲ

ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် ကမ္ဘောဇအသင်းတို့သည် ဩဂုတ် ၃၁ရက် ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မှန်ချိုတိုင်းရင်းဆေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၉

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ ရှေးဟောင်းစိန္တာမုနိစေတီကြီး စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအတွက် သမားတော်ကြီး မှန်ချိုဆရာ ဦးလှဌေး-သီရိသုဓမ္မသိင်္ဂီ ဆရာမကြီး ဒေါ်တင်နွယ်ဦးမိသားစုက မှန်ချိုတိုင်းရင်းဆေးဝါး ငွေကျပ် ၂၀၇၀၀၀ဖိုး လှူဒါန်းပွဲကို ဩဂုတ် ၂၈ရက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာအလယ်လမ်း မှန်ချိုဆေးတိုက်၌ ကျင်းပရာ ဆီမီး ၉၉၀၀ အဖွဲ့နာယက ဦးစိုးဝင်း၊ ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့်၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်နိုင်ဦး၊ ဘဏ္ဍာရေးမှူး ဒေါ်အမာဆွေသို့ ပေးအပ်လှူဒါန်းသည်။

(အောက်ပုံ) (၆၁)

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ အေစီစီသင်တန်းတက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၉

အာရှခရစ်ကက်ကောင်စီ(ACC)၏ ဖိတ်ကြားချက်အရဩဂုတ် ၂၇ ရက်မှ ၃၁ ရက်အထိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ ကျင်းပမည့် အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုသင်တန်းသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းသည် ဩဂုတ် ၂၆ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်၊ ဦးမောင်မောင်နှင့် အမှုဆောင်များ၊ အား/ကာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။**(အောက်ပုံ)** (ခရစ်ကက်အဖွဲ့ချုပ်)

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးပိုလာမည်

ရန်ကုန် ဩဂုတ် ၂၉

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ဧရာဝတီတိုင်းတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် ၆း၃၀နာရီ အချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ အရှေ့ဘက် မိုင် ၃၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားလျက်ရှိကာ ဗီယက်နမ်ကမ်းခြေကိုဖြတ်ကျော်လျက်ရှိသည်။

ဩဂုတ် ၃၀ရက် ညနေအထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသများတွင် မိုးပိုလာမည်။

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၄၃)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၉

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၁)၊ အမှတ်(၄၃)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ကမ္ဘာ့ဈေးကွက်သစ်များသို့ ပဲမျိုးစုံတိုးချဲ့တင်ပို့သွားရန်ရှိ၊ ပုဂံ-ညောင်ဦးလေဆိပ်တွင် လေယာဉ်ကြီးများဆင်းသက်နိုင်မည်၊ အင်္ဂါဂြိုဟ် အနီးကပ်ဆုံးမြင်တွေ့ရသည့်ဖြစ်ရပ်ကို မြန်မာနက္ခတ်တာရာနှင့် သိပ္ပံပညာရှင်များ စူးစမ်းလေ့လာကြမည်၊ နိုင်ငံခြားသားများ သစ်ခွဝယ်ယူခြင်း ကင်းလွတ်ခွင့်လက်မှတ်ထုတ်ပေးနိုင်ရန် သစ်ခွအရောင်းဆိုင်များနှင့် သစ်ခွခြံများ သစ်တောဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားရန်လို၊ Readers Debate ကဏ္ဍမှ လူပျိုကြီး၊ အပျိုကြီးလုပ်တာကောင်းတယ်၊ မကောင်းဘူး၊ MRTV-4 တွင် အပတ်စဉ်ထုတ်လွှင့်နေလျက်ရှိသော 5 Movies မှ နိုင်ငံခြားဇာတ်လမ်းတွဲ အစီအစဉ်များ၊ ယခုတစ်ပတ်အတွင်းပြသမည့် အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပွဲစဉ်များစသည်ဖြင့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ပိုလီတက္ကနစ်ဒီပလိုမာရသူများ တစ်နှစ်တည်းနှင့် ပြည်ပမဟာသိပ္ပံဘွဲ့ကို ရနိုင်ပြီ၊ သမ္မတပူတင်၏ လေယာဉ်စက်ချို့ယွင်းအပြီးတွင် ရုရှားလေယာဉ်အချို့ ပျံသန်းမှုများရပ်ဆိုင်း၊ ဂိုးသမားစတိတ်ရှီးအကြည့်ကောင်း၍ ဘယ်လ်ဂျီယံ အမျိုးသမီးအသင်း ဂိုး ၅၀ ပေးခဲ့ရ၊ ကျောင်းသွားကျောင်းပြန် လမ်းလျှောက်သော ကလေး ကျန်းမာရေးအကောင်းဆုံးစသည့် နိုင်ငံတကာကမျက်မှောက်သတင်းဦးသတင်းထူးများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၈၁ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။(သတင်းစဉ်)

ပြင်သစ်နိုင်ငံပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် လှိုင်သာယာမြို့နယ်(၁၉)ရပ်ကွက်မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုး ဦးဆောင်၍ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်းများနှင့် တစ်ဆုပ်ဆန်လှူသူ စေတနာရှင်များက အလှူငွေကျပ်နှစ်သိန်းကို ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄)ကျင်းပ

လန်ဒန် ဩဂုတ် ၂၈

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄)ကို စနေ့နေက ကျင်းပရာ ရလဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

အက်စ်တန်ဗီလာ ၁-ဘလက်ဘန်း ရိုဗာ ဝ

အိမ်ရှင်အသင်းဖြစ်သည့် အက်စ်တန်ဗီလာအသင်းမှ ချက်လူမျိုးတိုက်စစ်မှူး မီလန်ဘားရော့စ်ကပွဲချိန်၁၁ မိနစ်တွင် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သည်။

လီဗာပူးအသင်းမှ လွန်ခဲ့သည့် ရက်သတ္တပတ်တွင် အသင်းပြောင်းရွှေ့ကြေးပေါင်ငွေ ၆ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူ ဘားရော့စ်သည် ပွဲချိန်တစ်လျှောက်လုံး တက်တက်ကြွကြွ ကစားသွားခဲ့ပြီး ဒုတိယမြောက် ဂိုးတစ်လုံးထပ်မံ သွင်းယူနိုင်ရန် ၎င်း၏ကြိုးပမ်းချက်ကို ဘလက်ဘန်းဂိုးသမား ဘရက်ဒ်ဖရစ်ဒယ်လ် ကာကွယ်နိုင်ခဲ့သည်။

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် ဘလက်ဘန်း ရိုဗာအသင်းနှင့်ယှဉ်ပြိုင်ကစားသည့် အက်စ်တန်ဗီလာအသင်းမှ တိုက်စစ်မှူး မီလန်ဘားရော့စ် ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖူလ်ဟမ် ၁- အဲဗာတန် ဝ

ယခုနှစ် ဘောလုံးရာသီတွင် ပထမဆုံး အောင်ပွဲအဖြစ် ဖူလ်ဟမ်အသင်းက အဲဗာတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပွဲချိန် ၅၇ မိနစ်တွင် ဖူလ်ဟမ်အသင်းမှ မောရစ်ဗတ် ဖြတ်တင်ပေးလိုက်သောဘောလုံးကို မက်ဘရိုက်က ကန်သွင်းယူခဲ့သည်။

မန်ချက်စတာ စီးတီး ၂- ပို့စ်မောက် ၁

အိမ်ကွင်းတွင် မန်ချက်စတာ စီးတီးအသင်း အနိုင်ရရှိခြင်းမှာ ရှားရှားပါးပါးဖြစ်ရပ်တစ်ခု ဖြစ်သည်။ မန်စီးတီးအသင်းသည် ပွဲချိန် ၅၂ မိနစ်တွင် တစ်ဂိုးအသွင်းခံခဲ့ရပြီးနောက် ပွဲချိန် ၆၆ မိနစ်တွင် ချေပဂိုးတစ်ဂိုးကို ကလော်ဒီယိုရေနာကလည်းကောင်း၊ ပွဲချိန် ၆၉ မိနစ်တွင် ပွဲသိမ်းဂိုးကို အင်ဒီကိုးလ်ကလည်းကောင်း သွင်းယူခဲ့သည်။

အခြားပွဲရလဒ်များ

စပါး ဝ	–	**ချယ်လ်ဆီး ၂**
ဝက်စ်ဟမ်း ၁	–	**ဘော်လ်တန် ၂**
ဝီဂန် ၁	–	**ဆန်းဒါလန်း ဝ**
ဝက်စ်ဘရွန်း ၂	–	**ဘာမင်ဂမ် ၃**

အမ်အင်အေ၊ ရိုက်တာ။

ရွှေပြည်သာမြို့နယ် အမှတ်(၄၄) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၄-၂၀၀၅ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၀ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုမိုသန်းက နှစ်နှစ်ဆက်တိုက်ပထမရရှိသော ဆဋ္ဌမတန်းကျောင်းသား မောင်အာကာမြင့်ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ ဖောင်းကတာရေလှောင်တမံ ဖွင့်လှစ် ဒေသအတွက် စိုက်ပျိုးရေးသာမက စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုမှုလ ယာမြေများကို လယ်မြေအဖြစ်ပြောင်းလဲ၍ ရေပေးဝေစိုက်ပျိုးနိုင်မည်

ရန်ကုန် ဩဂုတ် ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က တာဝန်ယူ တည်ဆောက်ပြီးစီးသွားသည့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ရှိ ဖောင်းကတာရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ရက် နံနက် ၈နာရီတွင် အဆိုပါ ရေလှောင်တမံအနီးရှိ မဏ်လာမဏ္ဍပ်၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မုံရွာခရိုင်နှင့် ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✳



အမှာစကားပြောကြား

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ရှိ ဖောင်းကတာရေလှောင်တမံ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖောင်းကတာ ရေလှောင်တမံ

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ရှိ ဖောင်းကတာ ရေလှောင်တမံကို တွေ့ရစဉ်။ (လယ်/ဆည်)

ခေါင်းကြီး ဆောင်းပါး အညွှန်း

- ▶ ပြည်ပဆရာကြီးများနှင့် ပြည်တွင်းပြည်ပအကြမ်းဖက်သမားများ၏ မြေပေါ်၊မြေအောက်၊ ပြည်ပြေးတိုက်ကွက်များအနက် အားလုံးနီးပါးကို နိုင်ငံတော်က ကြိုတင်ကာကွယ် တားဆီးချေမှုန်းပစ်နိုင်ခဲ့သည်။ ယင်းသို့ အဖျက်သမားများအန္တရာယ်ကို ဖော်ထုတ် **တားဆီးနိုင်ခဲ့ခြင်းသည် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်သည်။** ခေါင်းကြီး (စာမျက်နှာ-၂)
- ▶ *ဘီဘီစီ၊ ဗွီအိုအေ၊ ယနေ့နောက်တိုး ပြည်ပြေးအသံလွှင့်ဌာန(အနောက်ကပင် တည်ထောင်ပေးထားသော) အာရ်အက်ဖ်အေ၊ ဒီဗွီဘီတို့ကလည်း ယနေ့တိုင် အေးချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ မြန်မာနိုင်ငံတော်သစ်ကြီး တည်ဆောက်ရန် ရှေ့လုပ်ငန်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော် ကြိုးပမ်းနေသည့် မြန်မာနိုင်ငံကို နေ့၊ ညဆက်တိုက် မမှန်သတင်း၊ ကောလာဟလများဖြင့် မှိုင်းတိုက်နှောင့်ယှက်နေသော **Propaganda Sabotage** ဝါဒဖြန့် အဖျက်လုပ်ရပ်များလုပ်နေသည်ကို တွေ့နေရသည်။* တက္ကသိုလ်မြတ်သူ၏ **"သတင်းမှန်လား၊ အတင်း-အဖျင်း-နယ်ချဲ့အပင်းလား အမျိုးသားရေးမှတ်ကျောက်ပေါ် တင်ကြည့်ပါ"** ဆောင်းပါး (စာမျက်နှာ-၆)